မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မဲပေးတယ်ဆိုတာ သင့်အနာဂတ်ကို သင်ကိုယ်တိုင်ဆုံးဖြတ်လိုက်တာပါ။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၂၂၃)
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ကိုယ်ရေးအကျဉ်း



မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ကို ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ အိုရှာခရိုင်၊ ကိုပိစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ရှခ်လိုဗ်ခရိုင်၊ အလက်ဇန်းဒရီးယားမြို့ရှိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကူလယ်ရှော့ မိုဂီလက်ဗ် ဆရာအတတ်သင်တက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီးနောက် ၁၉၈၅ ခုနှစ်တွင် ဘယ်လာရုစ်စိုက်ပျိုးရေးတက္ကသိုလ်မှ စီးပွားရေးဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် စတင်စစ်မှုထမ်းဆောင်ခဲ့ပြီး နယ်ခြားစောင့်တပ်တွင်လည်းကောင်း၊ အနောက်ပိုင်းနယ်နိမိတ်ခရိုင် (ဘရက်စ်)တွင် နိုင်ငံရေးရာနည်းပြဆရာအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ ဆိုဗီယက်တပ်မတော် တပ်ရင်းတပ်ဖွဲ့တစ်ခု၏ ဒုတိယတပ်ဖွဲ့မှူး (နိုင်ငံရေးအရာရှိ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မိုဂီလက်ဗ်ဒေသ၏ အစားအသောက်ကွပ်ကဲရေးဆိုင်ရာ ကွန်ဆိုမိုးလ်ကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မိုဂီလက်ဗ်ဒေသ အိုကြာဘစ်စကီခရိုင် စီမံခန့်ခွဲရေးကော်မတီ၏ သင်တန်းနည်းပြဆရာအဖြစ်လည်းကောင်း၊ ရှခ်လိုဗ်ခရိုင် ဇနာနီအများပြည်သူပိုင်အဖွဲ့အစည်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ရှခ်လိုဗ်ခရိုင်၊ အူဒါနစ် စုပေါင်းလယ်ယာလုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရှခ်လိုဗ်ဆောက်လုပ်ရေးပစ္စည်းစက်ရုံ၏ ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ လီနင်စုပေါင်းလယ်ယာလုပ်ငန်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အသက် ၃၃ နှစ်အရွယ်တွင် ရှခ်လိုဗ်ခရိုင်၊ ဂိုရိုဒက်နိုင်ငံပိုင် လယ်ယာလုပ်ငန်း၏ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၁၉၈၇ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ယင်းလုပ်ငန်းကို ဦးဆောင်ခဲ့သည်။

မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ၁၉၉၀ ပြည့်နှစ်တွင် ဘယ်လာရုစ် ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ အဓိပတိကောင်စီတွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့များအောက်တွင် ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ကြပ်မတ်စစ်ဆေးသည့် ကော်မရှင်ကိုဦးဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဇွန်လတွင် လွှတ်တော်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဦးဆောင်ခဲ့ပြီးနောက် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်မှ ယနေ့အထိ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

နိုင်ငံတကာမှတ်စု

**အပြာရောင်မျက်လုံးပိုင်ရှင် ဥရောပရဲ့ လျှို့ဝှက်ရတနာ - ဘယ်လာရုစ်** စာ - ၂၂ သို့

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်** စာ - ၃ သို့

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်** စာ - ၃ သို့

**ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း** စာ - ၃ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်)

# ချစ်ကြည်ရင်းနှီးသောမိတ်ကောင်းဆွေကောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။ ဤချစ်ကြည်ရေးခရီးစဉ်မှာ နှစ်နိုင်ငံစလုံးအတွက် အလွန်ကောင်းမွန်အကျိုးရှိသောခရီးစဉ်ဖြစ်ပေမည်။ လူတိုင်းသည် လူမှုပတ်ဝန်းကျင်တွင် မိတ်ကောင်းဆွေကောင်းများနှင့် ဆက်ဆံနေကြသည့်အခါ ကောင်းကျိုးတိုးပွားစေသကဲ့သို့ နိုင်ငံတစ်နိုင်ငံသည်လည်း မိတ်ကောင်းဆွေကောင်းနိုင်ငံများရှိသည့်အခါ နှစ်ဦးနှစ်ဖက်တို့၏ကောင်းကျိုးစီးပွားကိုဖြစ်ထွန်းစေမည်ဖြစ်သည်။

နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ H.E.Mr. Alexander Gregoryevich Lukashenko ၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit)ချစ်ကြည်ရေးခရီးအဖြစ် ၂၀၂၅ ခုနှစ် မတ်လ ၇ ရက်မှ ၈ ရက်နေ့အထိ သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်မှာ မြန်မာနိုင်ငံတော်အကြီးအကဲအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ဒုတိယအကြိမ်ရောက်ရှိသည့် ခရီးစဉ်ဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက မြန်မာနိုင်ငံတော်အကြီးအကဲအား သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် လှိုက်လှဲစွာကြိုဆိုခဲ့သည်။

ထိုခရီးစဉ်တွင် မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစား စသည့်ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုအားကောင်းလာမည့်အခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့်ပြောကြားချက်များအတွင်း ဘယ်လာရုစ်သမ္မတက မိတ်ဆွေကောင်းပီသစွာအကြံပြုပြောကြားခဲ့ရာတွင် **“ဒီနေရာမှာ ကျွန်တော်တစ်ခုလေးအကြံပြုလိုတာကတော့ အဆွေတော်ကိုအကြံပြုစရာလေးတစ်ခုရှိပါတယ်။ အဲ့ဒါကတော့ အဆွေတော်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မိမိနိုင်ငံသားတွေအတွက် အဆွေတော်အနေနဲ့ ကောင်းမယ်ထင်တဲ့အရာဆိုရင် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကျွန်တော်အကြံပြုလိုပါတယ်။ အဆွေတော်အနေနဲ့အကောင်အထည်ဖော်တဲ့အချိန်မှာ တချို့လူတွေကတော့ မကြိုက်တဲ့လူတွေကတော့ရှိကောင်းရှိမှာပါ။ Sanctions တွေလည်းဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့မှာရော၊ အဆွေတော်မှာရောရှိနေတဲ့ Sanctions တွေကလည်း ထပ်ပြီးတော့ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ Sanctions ဆိုတာက အခွင့်အလမ်းကောင်းလို့ ကျွန်တော်သတ်မှတ်ပါတယ်။ ဒီလိုမျိုး Sanctions ချမှတ်တဲ့အချိန်မှာ အခွင့်အလမ်းကောင်းလို့သတ်မှတ်တဲ့အတွက် ကျွန်တော်တို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီးတော့ ပိုမိုစည်းစည်းလုံးလုံးနဲ့ဆောင်ရွက်မယ်ဆိုရင်တော့ အကောင်းဆုံးအကောင်အထည်ဖော်နိုင်မှာပါ”**ဟူ၍ပြောကြားခဲ့သလို မြန်မာနိုင်ငံတော်အကြီးအကဲက “တားဆီးပိတ်ဆို့ဖိအားပေးခြင်းသည် မည်သည့်အခါတွင်မှ အောင်မြင်မည်မဟုတ်ကြောင်းနှင့် မိမိတို့ပူးပေါင်းပြီး ရင်ဆိုင်ကျော်လွှားသွားမည်ဖြစ်ကြောင်း”ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံကြီးနှင့် နိုင်ငံအုပ်စုအချို့တို့၏ ပိတ်ဆို့တားဆီးမှု၊ ဖိအားပေးမှုစသည်ဖြင့် နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်အနိုင်ကျင့်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ခံစားခဲ့ရသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာ့ရေးရာမျက်နှာစာတွင်သာမက မြန်မာနိုင်ငံ၏ပြည်တွင်းရေးအထိပါ ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများပြုလုပ်ခဲ့ကြရာ ပြီးခဲ့သည့်ရာစုနှစ်ဝက်ကာလအတွင်း မည်သည့်အစိုးရလက်ထက်တွင်မှ အလွတ်မပေးခဲ့သည်ကိုတွေ့မြင်နိုင်သည်။ ထိုသို့သောနိုင်ငံများရှိသလို မြန်မာနိုင်ငံ၏အကျိုးစီးပွားဖြစ်ထွန်းမှုကိုလိုလားသော မိတ်ဆွေကောင်းနိုင်ငံများလည်းများစွာရှိပေသည်။

မိတ်ကောင်းဆွေကောင်းအဖော်မွန်ကောင်းနှင့် ခရီးသွားရသည့်အခါ ခရီးတွင်ကျယ်ပေါက်မြောက်သကဲ့သို့ အကျိုးစီးပွားကိုလည်း ပြည့်စုံစွာပြီးမြောက်စမြဲဖြစ်သည်။ တစ်ဦး၏အခက်အခဲကို တစ်ဦးက စိတ်အားထက်သန်စွာကူညီဖြေရှင်းပေးသည်။ တစ်ဦးလိုအပ်ချက်ကို တစ်ဦးကဖြည့်ဆည်းပေးရင်း လိုရာခရီးသို့ စိတ်အေးချမ်းသာစွာအရောက်သွားနိုင်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံပြည်သူများ၏ဆွေမျိုးရင်းချာစိတ်ထားမှုတို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာအလက်ဇန္ဒားလူကာရှန်ကို၏ မြန်မာနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးစဉ်ကိုကြိုဆိုပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၃၁**

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

ပြည် နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဝက်ထီးကန်မြို့ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ယမန်နေ့က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဖြိုးဖြိုးအောင်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများ၊ သင်တန်းနည်းပြများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်ပြီး သင်တန်းတွင် ဓာတုပစ္စည်းများအသုံးပြုပုံ၊ ဆပ်ပြာဆီအမျိုးမျိုး၊ ဆပ်ပြာအခဲအမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခရင်၊ Body Scrub ပြုလုပ်နည်းတို့ကို ငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဖြိုးလင်း(၄၁၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၁၀:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၄။ ၁၁:၀၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၆။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၇။ ၁၄:၀၀ Soft Skill
၈။ ၁၅:၀၀ ဇာတ်လမ်းတို
၉။ ၁၇:၀၀ လူသားနှင့်ဆိုက်ဘာအန္တရာယ်
၁၀။ ၁၈:၁၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၁။ ၁၈:၃၀ **(၃၈)ဖြာမင်္ဂလာ ဗဟုသစ္စ**
၁၂။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

**MWD Variety Channel**

၂၇-၁၁-၂၀၂၅ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၀ | လောကကိုအလှဆင်ပန်းတို့ဥယျာဉ် |
| ၂။ | ၁၀:၃၀ | The Beautiful Land |
| ၃။ | ၁၁:၃၅ | ကဗျာအလှ ရသလွှင်ပြင် |
| ၄။ | ၁၂:၄၅ | Variety Choice |
| ၅။ | ၂၁:၃၀ | သတိမမူ ဂူမမြင် |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၀ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထု တစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက် လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှု ထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၁ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထု တစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက် လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် လွတ်လပ် မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/အကျဉ်း စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၂ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)**
**ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်**
**ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်သူလူထု တစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အဓိကထားဆောင်ရွက် လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ်ဆောင် ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူအားလုံးလွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ် ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေး တိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်း ကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများ ကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပုံစံ (၁၅) ဖြင့် တောင်းဆို၍ မိမိတို့ရောက် ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၌ ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ၁၅-၉-၂၀၂၅ ရက်နေ့တွင် အသိပေး ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေးအလေးထားဆောင်ရွက် လျက်ရှိရာ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပတွင်ရောက်ရှိ နေသော ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ (၁၅) ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁- ၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း မိမိရောက်ရှိရာဒေသ ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့်သင့်လျော် သောနေ့ရက်နှင့်နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံ အသိပေးနှိုးဆော်အပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့ ငွေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့ (MLRC) စတင်တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန အကြီးအကဲများ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ ပညာတန်ဆောင်စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားပညာရှင်ကြီးများနှင့် ပညာရေးစေတနာရှင်အလှူရှင်များ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့မှတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန၏ ငွေရတုကာလမှတ်တမ်းဗီဒီယိုအကျဉ်းကို ပြသသည်။

ယင်းနောက်မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနနှင့်ပတ်သက်သည့်လုပ်ငန်းများကို မြန်မာနိုင်ငံရှိ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့သည် စာတတ်မြောက်ရေးအခြေပြုလုပ်ငန်းများကို အောင်အောင်မြင်မြင်စွမ်းစွမ်းတမံ ဆောင်ရွက်ရင်း (၂၅)နှစ်မြောက် ငွေရတုတိုင်လာပြီဖြစ်ကြောင်းနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနက်စကိုအဖွဲ့က ဖွင့်လှစ်သည့် အာရှပစိဖိတ်ဒေသ၏ ၁၃ ခုမြောက်စင်တာသည် မြန်မာနိုင်ငံတွင်ဖြစ်၍ Myanmar Litercy Resource Centre အဖြစ် ဖွဲ့စည်းလာနိုင်ခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံအစိုးရနှင့်ဂျပန်ပြည်သူတို့၏ လှူဒါန်းမှုဖြင့် MLRC ကို၂၀၀၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်တွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး လုပ်ငန်းအရပ်ရပ်ကို အစပျိုးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများအား ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင်လှိုင်နှင့် ဒေါက်တာတင်ညိုတို့က အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ ဒေါ်ခင်လှလှပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)ဦးတင်လှိုင်က မုဒိတာစကားပြောကြားပြီး NFPE အစီအစဉ်မှ ထူးချွန်သူသင်္ချာဂုဏ်ထူးတန်းကျောင်းသူမမြင့်မြတ်သူက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများသည် ငွေရတုပြည့်မြောက်သည့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနအပေါ်ထပ်ရှိစာတတ်မြောက်ရေး အထောက်အကူပြုပညာရေးပြခန်းများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

# အရိပ်

**မစန္ဒာ**

ဆင္ဓသင်္ဂါယနာတင် ကမ္ဘာအေးလိုဏ်ဂူကြီးကို နောက်ခံထားပြီးရိုက်ထားသောမိန်းကလေးတစ်ဦး၏ဓာတ်ပုံကို တွေ့ရသည်။ ဆံပင်တိုတို၊ ပါးဖောင်းဖောင်းလေးနှင့် ကလေးမျက်နှာလေးဖြစ်သော်လည်း ထဘီကိုကျစ်ကျစ်ဆွဲဝတ်ကာ အပျိုကြီးဂိုက်ဖမ်းထားလေသည်။

'သူတို့တွေ ဟိုဘက်လမ်းထဲကိုပြောင်းလာတော့မယ်တဲ့၊ ငါနဲ့နီးလာရင် စာအတူကျက်လို့ရမယ်'

'မမတို့အတန်းထဲကလား'

'အင်းပေါ့'

အမာညိုက ခေါင်းကို ဆတ်ခနဲညိတ်ကာ အော်တိုစာအုပ်လေးကိုပြန်၍ဆွဲယူလိုက်သည်။ ထို့နောက် ရေးလက်စနေရာကို ပြန်လှန်လိုက်သည်။ အကြိုက်ဆုံးအသီးဟူသောနေရာတွင် ဘာရေးရမည်နည်းစဉ်းစားရင်း တခြားသူများရေးထားသည်များကို ဖတ်ကြည့်နေမိသည်။ စပျစ်သီး၊ ပန်းသီး အများဆုံးရေးကြသည်။ သရက်သီးတချို့တစ်ဝက်ပါသည်။ တစ်ဦးကမူ ရွှတ်နောက်နောက်နှင့် "ဇမ္ဗူ့သပြေသီး"ဟု ရေးထားလေသည်။ အမာညိုသည် ဖောင်တိန်အဖုံးလေးကို သွားဖြင့်ကိုက်ကာ အတန်ကြာအောင်စဉ်းစားပြီးမှ အမှန်အတိုင်း "ဆီးသီး"ဟု ရေးထည့်လိုက်သည်။

■ ■ ■ ■ ■

'ညောင်ပင်တစ္ဆေ'

'ဝေလေလေ'

အမာညိုသည် နှုတ်ခမ်းစူပြီး တအားအော်ထူးလိုက်သည်။ သူ့ခမျာ ညောင်ပင်တစ္ဆေလုပ်ရသည်မှာ သုံးခါရှိပြီဖြစ်၍ စိတ်တိုနေခြင်းဖြစ်သည်။ ဝိုင်းထားသော စည်းဝိုင်းကြီးက ကျယ်လွန်းသည်။ ထို့ပြင် ခင်မကြီး ညောင်ပင်တစ္ဆေလုပ်ရစဉ်က သူ့ကိုပြေးဖမ်းသည်ဟု ထင်မိသည်။ ထို့ကြောင့် စိတ်ထဲတွင် တေးထားလိုက်သည်။ ယခုသူ့အလှည့်တွင်လည်း ခင်မကြီးကို ပြန်ပြေးမည်။

'နင် ဘယ်ကိုင်းမှာနေ'

'ညောင်ကိုင်းမှာနေ'

'နင် ဘာသီးစား'

'ညောင်သီးစား'

'နင် ဘာရေသောက်'

'ညောင်ရေသောက်'

'နင် ဘာကွမ်းစား'

'ညောင်ကွမ်းစား၊ ညောင်ထမင်းစား၊ ညောင်ချေးပါ၊ ညောင်အီးပေါက်တယ်ဟေ့၊ ကဲ ကဲ'

အမာညိုသည် စိတ်မရှည်သဖြင့် မဟုတ်တရုတ်တွေ အော်လိုက်သည်။ စည်းဝိုင်းအပြင်ဘက်မှ ခုန်ဆွခုန်ဆွလုပ်နေကြသော မိန်းကလေးများက ဝါးခနဲရယ်လိုက်ကြလေသည်။ အမာညို၏နှုတ်ခမ်းသည် ရှေ့သို့ပို၍စူထွက်လာသည်။

'အထဲလား အပြင်လား'

သူတို့ကမေးသောအခါ အမာညိုသည် ရုတ်တရက်မဖြေဘဲ မြေကြီးကိုစိုက်ကြည့်ကာ အကြံယူနေသည်။ သူက အထဲဟု အော်လျှင် မိန်းကလေးများက စည်းဝိုင်းအပြင်တွင်နေကြရမည်ဖြစ်သည်။ သူက အပြင်ဟုအော်လျှင်မူ သူတို့တစ်တွေ စည်းဝိုင်းထဲသို့ အလုအယက်ပြေးဝင်ကြရမည်ဖြစ်သည်။ သူက အပြင်ထွက်ပြီး စည်းဝိုင်းထဲမှ မိန်းကလေးများကို အမိအရ လက်တံရှည်ဖြင့်လှမ်း၍ဆွဲပြီး ဖမ်းရမည်ဖြစ်သည်။

'အပြင်'

အမာညိုသည် ခင်မကြီးကို ပေစောင်းစောင်းကြည့်ကာ အော်သည်။ ထို့နောက် စည်းဝိုင်းထဲပြေးဝင်လာသော သူ့ဆီသို့ ဦးတည်၍ပြေးကာ ခါးကိုဆီး၍ဖက်လိုက်သည်။

'ဟယ် ပြေးတယ်ဟယ် ဒို့ကိုပြေးတယ်'

'သူ့တုန်းကလည်း ကိုယ့်ကိုပြေးတာကိုး'

'အို ပြေးပါဘူး'

'ပြေးပါတယ်နော် ဟင်း'

သူတို့နှစ်ယောက် ငြင်းခုံနေစဉ် ကျောင်းတက်ခေါင်းလောင်းထိုးလေသည်။ ထို့ကြောင့် ငြင်းခုံပွဲသည် အလိုလိုရပ်သွားသည်။ တိုင်ထောင့်တွင်စုပြီးချွတ်ထားသောဖိနပ်လေးများကို ကမန်းကတန်းကောက်၍ စွပ်ကာ စာသင်ခန်းသို့ပြေးကြရလေသည်။

> **"ခင်ယုမေကိုအားကျပြီး အမာညိုတို့အားလုံး လုံချည်ကို တိုတိုလေးလိုက်ဝတ်ကြသည်။ ခင်ယုမေလှသလို လှမည်လားဟု ကြိုးပမ်းကြခြင်းဖြစ်သည်။ လှ မလှတော့ မသိ၊ ဆရာမအပျိုကြီးများကမူ လုံချည်တိုသည်ကိုတွေ့တိုင်း ခြေသလုံးကို ကြိမ်နှင့်စပ်စပ်လေးရိုက်တတ်သည်။ သူတို့ကမူ ရှေးမြန်မာဆန်သူများဖြစ်၍ ဗိုင်းကောင်းကျောက်ဖိနေမှ နှစ်သက်ခြင်းဖြစ်သည်. . ."**

အခန်းထဲရောက်သောအခါ အနောက်ဘက်ရှိရေအိုးစင်ဆီသို့စု၍ရောက်သွားကြသည်။ အမောတကောနှင့် ရေသောက်မိကြသည်။ ရှေ့ရောက်ပြီး ဦးသူများက ရေကိုနှစ်ခွက်ဆင့်သောက်နေရာ အမာညိုသည် စိတ်မရှည်စွာစောင့်ဆိုင်းနေရလေသည်။

'ဟေ့ မသန်းအေး၊ ယူ့လုံချည်တိုလွန်းနေတယ်၊ တော်ကြာ တီချာက ခြေသလုံးကို ကြိမ်နဲ့ဆော်နေဦးမယ်'

သက်သက်က မသန်းအေးကို လှမ်းပြောသည်။ မသန်းအေးက လုံချည်မှဖုန်များကိုခါလိုက်ပြီး ရှည်ရှည်ပြင်ဝတ်လိုက်သည်။ ခင်ယုမေကိုအားကျပြီး အမာညိုတို့အားလုံး လုံချည်ကိုတိုတိုလေးလိုက်ဝတ်ကြသည်။ ခင်ယုမေလှသလို လှမည်လားဟု ကြိုးပမ်းကြခြင်းဖြစ်သည်။ လှ မလှတော့ မသိ၊ ဆရာမအပျိုကြီးများကမူ လုံချည်တိုသည်ကိုတွေ့တိုင်း ခြေသလုံးကို ကြိမ်နှင့် စပ်စပ်လေးရိုက်တတ်သည်။ သူတို့ကမူ ရှေးမြန်မာဆန်သူများဖြစ်၍ ဗိုင်းကောင်းကျောက်ဖိနေမှ နှစ်သက်ခြင်းဖြစ်သည်။ လုံချည်ကို ခြေသလုံးတစ်ဝက်ခန့်ပေါ်အောင်ဝတ်ပြီး တလွှားလွှားနေခြင်းများကို မျက်စိနောက်ဟန်ရှိသည်။ သို့သော် အမာညိုတို့က ဆရာမများလစ်လျှင် လစ်သလို လုံချည်ကို တိုတိုဝတ်တတ်ကြသည်။ ယခု ခင်ယုမေ လုံချည်မတိုတော့သော်လည်း သူတို့ကတော့ တိုဆဲပင်ဖြစ်သည်။ ခင်မကြီးဆိုလျှင် ခင်ယုမေထံသို့ပင် လုံချည်တိုတိုလေးဝတ်ပါ၊ အလွန်လှပါသည်၊ ရှည်ရှည်ပြန်မဝတ်ပါနှင့်ဟု စာရေးပြီး တောင်းပန်ဖူးသည်ဟု ဆိုလေသည်။

'ဟေ့ ဒီနေ့ တပ်က အာဏာထိန်းလိုက်တယ်ဆို'

သက်သက်သည် ရေခွက်ကို အမာညိုအား လှမ်းပေးရင်းမှ ပြောလိုက်သည်။ ထိုအခါမှ အမာညိုသည်လည်း ဖေဖေနှင့် ခေါင်းရင်းအိမ်မှ ဦးလေးကြီးတို့သတင်းစာဖတ်ရင်း ဆူဆူညံညံဆွေးနွေးနေကြသည်ကို သတိရသည်။ ဘာတွေပြောနေကြမှန်းတော့မသိပေ။ တိုင်းရေးပြည်ရေးကို သူတို့တစ်တွေသည် ညောင်ပင်တစ္ဆေကစားရသည်လောက်ပင် စိတ်ဝင်စားလှသူများမဟုတ်ပေ။

'ဒီနေ့မဟုတ်ပါဘူး၊ မနေ့တုန်းကပါနော်'

နားစွန်နားဖျားကြားလိုက်သော မသန်းအေးက ဝင်ပြောသည်။ ဆော့ရင်းကစားရင်း ပြေကျသွားသော ကျစ်ဆံမြီးကို ကမန်းကတန်း ပြန်ကျစ်နေသည်။

'ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ တိုင်းပြည်က ရေစုန်မျောတော့မယ်တဲ့၊ ဒါကြောင့်မို့ တပ်က ဝင်ထိန်းလိုက်ရတာတဲ့၊ အိမ်ကလူကြီးတွေပြောနေတာပဲ'

'ဟယ် ဟုတ်လား၊ ပြဿနာတွေက တစ်သောင်းနဲ့ ခြောက်ထောင်တောင်ရှိတယ်တဲ့လား၊ အများကြီးပဲနော်'

အမာညိုက တအံ့တဩ ဝင်ပြောမိသည်။ သက်သက်သည် လုံချည်ကိုလှည့်ဝတ်ကာ ရေသောက်သည်။ ဆော့ကစားထားသဖြင့် နဖူးပြင်တွင် ချွေးစို့နေသည်။ ပါးဖောင်းဖောင်းလေးနှစ်ဖက်သည် သွေးရောင်လွှမ်းပြီး နီနေသည်။

'ကိုယ့်နေရာကိုယ်ထိုင်ပါ၊ ကျောင်းတက်ပြီ၊ ကျောင်းတက်ပြီ'

ဆော်ဩသံကိုကြားရသောအခါ သူတို့သည် ကိုယ့်နေရာကိုကိုယ် အပြေးအလွှားလျှောက်သွားကြသည်။ သက်သက်သည် သူ့နေရာတွင်သူ ဝင်ထိုင်လိုက်ရင်းမှ ယှဉ်လျက်ခုံကို လှည့်ကြည့်သည်။ စုစုလှိုင်၏ခုံဖြစ်သည်။ ရောက်မလာသေးပေ။

'စုစုလှိုင် ကျောင်းမလာဘူးလား မသိဘူး'

နောက်ဘက်တွင်ထိုင်သော ခင်မာထွေးကိုလှည့်၍ပြောလိုက်သည်။ ခင်မာထွေးကကြားသော်လည်း မဖြေအားရှာချေ။ သူ့စားပွဲခုံပေါ်တွင် ဖောင်တိန်အပျက်ခံပြီး အင်္ဂလိပ်စာစာလုံးပေါင်းများကို ကူးရေးနေသောကြောင့်ဖြစ်သည်။ နံနက်ပိုင်း ဒုတိယအချိန်သည် အင်္ဂလိပ်စာအချိန်ဖြစ်သည်။ အင်္ဂလိပ်စာသတ်ပုံရေးရမည်ကို ကြိုတင်သိထားသည်။ ထို့ကြောင့် ခင်မာထွေးက စားပွဲပေါ်မှ စာလုံးများကို အမှတ်မဲ့ကြည့်ပြီး ကူးရေးနိုင်ရန်ကြိုးစားအားထုတ်နေခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ဆင်ပေါင်ဝဲမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူများအား စတုတ္ထအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို နိုဝင်ဘာလ ၂၆ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်သည်။

အဆိုပါ အာဟာရကျွေးမွေးခြင်းအစီအစဉ် ဆောင်ရွက်နေမှုကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်ကို ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝရန်၊ ကျန်းမာရေးနှင့်ညီညွတ်သောအမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေး အပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်စေရန်နှင့် မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများ၊ ၎င်းတို့မိသားစုဝင်များ၏ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများကို မြှင့်တင်ရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုအစီအစဉ်သည် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ




အခြေခံပညာကျောင်း ၁၄၆ ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူများအား စတုတ္ထအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် ဖွင့်ပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၆

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝူရှီးဟွာကွမ်းကုမ္ပဏီလီမိတက် (Wuxi Hua Guang (Myanmar) Co., Ltd.)၊ ဒေဝ်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်နှင့် မနော‌ရော အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက်ဖွင့်ပွဲကို လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများပက်ဖျန်းပေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက်မောင်းနှင်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုမ္ပဏီမှဝန်ထမ်းများကိုဂုဏ်ပြုသစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများပေးအပ်ကြသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ကာလတို/ ကာလလတ်/ ကာလရှည် အစီအစဉ်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးလောင်စာ အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းသည် နိုင်ငံတော်ဓာတ်အားစနစ်အတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ကျောက်မီးသွေးအသုံးပြုပြီး ဓာတ်အားထုတ်လုပ်လျက်ရှိသည့် ပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဒေသတွင်းနိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေး သယံဇာတ များစွာရှိသည့်အနက် Sub-bituminous အမျိုးအစား ကျောက်မီးသွေးများအား အများဆုံးတွေ့ရှိရကြောင်း၊ နိုင်ငံတော်၏လျှပ်စစ်နှင့်စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြောက်ခံစက်အသုံးပြုခြင်းဖြင့် အပူစွမ်းအင်ထုတ်လုပ်မှု ပိုမိုမြှင့်တင်နိုင်ပြီး လျှပ်စစ်ထုတ်လုပ်မှုစွမ်းရည် (Efficiency) တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာ(Advanced Technology)များ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို လျော့နည်းစေသော လျှပ်စစ်ဓာတ်အားများစွာကို စီးပွားရေးတွက်ခြေကိုက်စွာ လက်တွေ့ကျကျထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ယင်းသည် "အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်များ ထုတ်ယူသုံးစွဲရာတွင် အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်" ဆိုသည့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံအား ပထမအဆင့်အကြီးစားပြင်ဆင်ခြင်းများဆောင်ရွက်ကာ ဓာတ်အား ၉၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပြီး ယခု ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ပြီးစီးပြီဖြစ်၍ ၁၂၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် ယခင်ထုတ်လုပ်မှုထက် ၃၀ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ပေးနိုင်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ မောင်းနှင်လည်ပတ်နေမှုအခြေအနေနှင့် ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် Wuxi Hua Guang (Myanmar) Co., Ltd. မှ တာဝန်ရှိသူတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက်စက်ရုံအတွင်း ပြသိုလှောင်ရုံရှိ စက်ရုံမှထွက်ရှိလာသည့်ပြာများ ထုတ်လုပ်နေမှု၊ အသုံးပြုရန်စီစဉ်ဆောင်ရွက်နေမှုများနှင့် စက်ရုံအတွက်အသုံးပြုသည့် ကျောက်မီးသွေးတူးဖော်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းတင်ပြကာ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များမှာကြားသည်။

ယခုဖွင့်လှစ်သည့် ကျောက်မီးသွေး အခြောက်ခံစက် တည်ဆောက်ခြင်းကြောင့် အသုံးပြုလျက်ရှိသော ဒေသထွက် ကျောက်မီးသွေး၏ စိုထိုင်းဆများပြားမှုကို လျော့ချကာ အပူစွမ်းအင်ကို တိုးမြှင့်နိုင်ခဲ့သဖြင့် ယခင်လျှပ်စစ်ဓာတ်အား ၉၀ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါ စက်တပ်ဆင်အင်အားပြည့် ၁၂၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ၃၀ မဂ္ဂါဝပ် ထပ်မံဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးနှင့်အသားရိက္ခာဖူလုံပိုလျှံရေး စီမံဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၆

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ မွေးမြူရေးကဏ္ဍအတွက် အရေးပါသည့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး ကြိုးစားအားထုတ်ကြရန်ပြောကြားပြီး ဘက်စုံသုံးအဆောက်အဦတည်ဆောက်နေမှု၊ ထမင်းစားဆောင် တိုးချဲ့တည်ဆောက်နေမှုနှင့် သင်တန်းနည်းပြဆရာမအဆောင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လှိုင်သာယာမြို့နယ် (အနောက်) မွေးမြူရေးဇုန်(၅)ရှိသားသတ်ရုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အစားအစာဘေးကင်းလုံခြုံရေးအတွက် ရောဂါကင်းရှင်းသည့် ထုတ်ကုန်များဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမဖြစ်ပေါ်စေရေးအတွက် စွန့်ပစ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းသုံးနှင့် ပျားထွက်ပစ္စည်းဖွံ့ဖြိုးရေးဌာနစု၏ ပျားလုပ်ငန်းသုံးပစ္စည်းအလုပ်ရုံ၊ ပျားထွက်ပစ္စည်းထုတ်လုပ်မှုဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပျားရည်ပျားဖယောင်းသန့်စင်အလုပ်ရုံများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု၊ ပျားဘုရင်မမွေးမြူရေးအိမ်အမျိုးမျိုး၊ ပျားဘုရင်မလှောင်အိမ်အမျိုးမျိုး၊ ပျားသလက်ပေါင်များ၊ ပြခန်းသုံးပျားအိမ်များဖြစ်သည့် ပျားမွေးမြူရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံ ပြန်လည်ထုတ်လုပ်ရန် လျာထားဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

နိုဝင်ဘာလ ၂၄ ရက်ကလည်း ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ Yangon Pauk 56 Company Limited ၏ တီလားဗီးယား၊ ငါးတန်နှင့် ငါးမြစ်ချင်း ငါးများမွေးမြူထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ သဘာဝငါးသယံဇာတများ ပြန်လည်ဖြည့်တင်းပေးနိုင်ရန်နှင့် ခေတ်မီနည်းပညာအသုံးပြု ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (26th ASEAN Chiefs of Army Multilateral Meeting-26th ACAMM)သို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး(26th ASEAN Chiefs of Army Multilateral Meeting–26th ACAMM)သို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုယ်စား တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ Pan Pacific Hotel ၌ ကျင်းပပြုလုပ်သည့် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး(26th ACAMM) နှင့် (၁၃)ကြိမ်မြောက် အာဆီယံ လုပ်သက်ရင့်အရာခံဗိုလ်များ နှစ်ပတ်လည်အစည်းအဝေး (13rd ASMASM) တို့၏ ပူးတွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် စင်ကာပူကာကွယ်ရေးဝန်ကြီး ချန်ချွန်စင်း (Mr. Chan Chun Sing) က အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး တက်ရောက်လာကြသော အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အစည်းအဝေးခေါင်းစဉ်ဖြစ်သော "ရာသီဥတုပြောင်းလဲမှုများနှင့်အတူ ပိုမိုထိရောက်သော HADR လုပ်ငန်းစဉ်များ ကြံ့ခိုင်ပြင်ဆင်ရေး (Climate Adaptation in HADR Operations)" နှင့်အညီ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကာ နေ့လယ်ပိုင်းတွင် အစည်းအဝေးပြီးဆုံးခဲ့သည်။ ထို့နောက် (၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး(26th ACAMM)၏ ပူးတွဲကြေညာချက်အား သဘောတူညီခဲ့ကြပြီး တက်ရောက်လာကြသည့် အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် ဘရူနိုင်းဘုရင့်တပ်မတော်၊ ကြည်းတပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Aldi bin Haji Hassan၊ ထိုင်းဘုရင့်တပ်မတော်၊ ဒုတိယကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Amarit Boonsuya၊ စင်ကာပူတပ်မတော်၊ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian၊ မလေးရှားဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Maruli Simanjuntak၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဗိုလ်ချုပ် Kongthong Soukhavong တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း နှင့်ဇနီးတို့သည် စင်ကာပူကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ် Cai Dexian နှင့်ဇနီးတို့ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ တက်ရောက်ခဲ့ကြသည်။ ညစာသုံးဆောင်ပြီးချိန်တွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အလားတူ နေ့လယ်ပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိခဲ့ပြီး သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးမှဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြား၍ စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


(၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (26th ASEAN Chiefs of Army Multilateral Meeting –26th ACAMM)သို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။



(၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (26th ASEAN Chiefs of Army Multilateral Meeting–26th ACAMM) ၌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။


(၂၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး (26th ASEAN Chiefs of Army Multilateral Meeting–26th ACAMM)သို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ မေဗေရယ်မိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောကာ လှူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဖြူဖြူဝင်းနှင့် အထက်တန်းပြဆရာမ ဒေါ်သန္တာဦးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade–11 မှမောင်အာကာစိုးက လူငယ်နှင့်နည်းပညာ၊ မောင်ဇင်မင်းထက်က လူငယ်နှင့်စာပေ၊ Grade–10 မှမစန္ဒြာအေးထွန်းက လူငယ်နှင့်အားကစား၊ မလှလှစန်းက လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသစာအုပ်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

# နှလုံးကျန်းမာရေးကို တိတ်တဆိတ်အန္တရာယ်ပေးနိုင်သော နေ့စဉ်အပြုအမူများ

နှလုံးရောဂါသည် ကမ္ဘာတစ်ဝန်း၌ ရုတ်တရက်သေဆုံးစေသည့် အဓိကအကြောင်းရင်းများထဲမှ တစ်ခုဖြစ်သည်။ နေ့စဉ်နေထိုင်မှုပုံစံရွေးချယ်မှုများသည် နှလုံးကျန်းမာရေးကို အကျိုးသက်ရောက်စေနိုင်ကြောင်း နှလုံးရောဂါပညာရှင်များကဆိုသည်။ လူအများစုသည် အစားအသောက် သို့မဟုတ် လေ့ကျင့်ခန်းကိုသာ အာရုံစိုက်လေ့ရှိသော်လည်း ရေရှည်နှလုံးကျန်းမာရေးသည် ကျန်းမာရေးနှင့် မညီညွတ်သောနေထိုင်မှုပုံစံကို သတိမပြုမိသောကြောင့်ဖြစ်သည်။

သုတေသီများကအိပ်ရေးမဝခြင်း၊ ကြာရှည်ထိုင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း၊ ထိန်းချုပ်မရသောစိတ်ဖိစီးမှုများခြင်း၊ အစားအသောက်ပုံစံများ ညံ့ဖျင်းခြင်းနှင့် ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ရန်ဦးစားမပေးခြင်းတို့သည် အန္တရာယ်မရှိဟုထင်ရသော်လည်း နှလုံးကျန်းမာရေးကို တဖြည်းဖြည်းထိခိုက်စေနိုင်သည့် နေ့စဉ်အလေ့အကျင့်များဖြစ်ကြောင်း သတိပေးထားသည်။

## ကြာရှည်ထိုင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်း

ခေတ်သစ်အလုပ်နှင့် အားလပ်ချိန်အသုံးချသည့် အလေ့အကျင့်များသည် စားပွဲခုံတွင်ဖြစ်စေ၊ ကားမောင်းရင်းဖြစ်စေ၊ ဖန်သားပြင်များရှေ့တွင်ဖြစ်စေ ထိုင်ရင်းမကြာခဏကုန်ဆုံးလေ့ရှိသည်။ ကြာရှည်ထိုင်ခြင်းနှင့် Screen Time များလွန်းခြင်းသည် နောက်ကျော၊ အူလမ်းကြောင်းနှင့် နှလုံးကျန်းမာရေးကိုထိခိုက်စေသည်။ အချိန်ကြာမြင့်စွာ ငြိမ်ငြိမ်နေခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် သွေးလည်ပတ်မှုကိုနှေးကွေးစေပြီး အရေးကြီးသော ကိုယ်တွင်းအင်္ဂါများတစ်ဝိုက်တွင် အဆီစုပုံခြင်းကိုအားပေးကာ သွေးတိုးနှင့်နှလုံးရောဂါများ ဖြစ်နိုင်ခြေကိုတိုးမြင့်စေနိုင်သည်။ အားလပ်ချိန်တွင် ပေါ့ပါးသောကိုယ်လက်လှုပ်ရှားမှုအပြင် ခြေလက်ဆန့်တန်းခြင်း သို့မဟုတ် လမ်းလျှောက်ခြင်း၊ ခေတ္တအနားယူခြင်းသည်ပင် နှလုံး၊ အစာအိမ်နှင့် အလုံးစုံသောကျန်းမာရေးတို့ကို ကာကွယ်ပေးနိုင်သဖြင့် တစ်နေ့တာလုံးတက်ကြွနေစေရန် ပေါ့ပေါ့ပါးပါး လှုပ်ရှားမှုအလေ့အကျင့်တစ်ခုပြုလုပ်သင့်သည်။

## အိပ်ရေးပျက်ခြင်း

နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်ခြင်းက အသက်ရှည်ခြင်းနှင့် နှလုံးကျန်းမာရေးကိုထိခိုက်စေနိုင်ပြီး အိပ်ရေးပျက်ခြင်းသည် ကျန်းမာရေးကိုတိတ်တဆိတ်ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။ အနားယူပါက ခန္ဓာကိုယ်သည် အလိုလိုပြုပြင်နိုင်မည်မဟုတ်သောကြောင့် အိပ်ရေးမဝခြင်းနှင့်ပင်ပန်းနွမ်းနယ်မှုကို တွန်းလှန်ခြင်းသည် နှလုံးကိုထိခိုက်စေသည်။

## စိတ်ဖိစီးမှုများကို လျစ်လျူရှုခြင်း

စိတ်ခံစားမှုဆိုင်ရာဖိစီးမှုများသည် နှလုံး၏လုပ်ဆောင်မှုကို တိတ်တဆိတ်ထိခိုက်စေနိုင်သောကြောင့် စိတ်ဖိစီးမှုသည် အသံတိတ်လူသတ်သမားဖြစ်သည်။ စိတ်ဖိစီးမှုများကို လျစ်လျူရှုခြင်းသည် ယင်းကို ပြေပျောက်စေမည်မဟုတ်ဘဲ ရင်ဘတ်တင်းကျပ်ခြင်း၊ ဗိုက်မအီမသာဖြစ်ခြင်း သို့မဟုတ် အိပ်မပျော်ခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများဖြင့် တုံ့ပြန်နိုင်သည်။ နာတာရှည်စိတ်ဖိစီးမှုကြောင့် ကော်တီဆုန်းပမာဏကိုမြင့်တက်စေပြီး အချိန်ကြာလာသည်နှင့်အမျှ သွေးကြောများကိုလည်းပျက်စီးစေပြီး ရောင်ရမ်းမှုကိုဖြစ်စေနိုင်သည်။ စိတ်ဖိစီးမှုများ ကြာရှည်လာပါက စိုးရိမ်စိတ်၊ စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုများဖြစ်လာပြီး နှလုံးထဲတွင် တိတ်တဆိတ်နစ်မြုပ်သွားသောကြောင့် စိတ်ဖိစီးမှုကို မမြင်နိုင်သောဒဏ်ရာဟု ခေါ်သည်။ စိတ်ဖိစီးမှုကိုမမြင်နိုင်သော်လည်း သွေးပေါင်ချိန်မှ အိပ်စက်နိုးကြားမှုစက်ဝန်းအပါအဝင် အစာစားချင်စိတ်အထိ အားလုံးကိုသက်ရောက်မှုရှိသည်။ နာတာရှည်စိတ်ဖိစီးမှုသည် နာတာရှည်ရောင်ရမ်းခြင်းကိုဖြစ်စေပြီး အချိန်ကြာလာသည်နှင့်အမျှ ကျန်းမာရေးစတင်ဆိုးဝါးလေ့ရှိသည်။ စိတ်ဖိစီးမှုကိုစောစောသိပြီး ပိုမိုကောင်းမွန်သောနည်းလမ်းများဖြင့် စီမံခန့်ခွဲခြင်းသည် နှလုံးနှင့်ကိုယ်ခန္ဓာကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။

> **"စိတ်ခံစားမှုဆိုင်ရာဖိစီးမှုများသည် နှလုံး၏လုပ်ဆောင်မှုကို တိတ်တဆိတ်ထိခိုက်စေနိုင်သောကြောင့် စိတ်ဖိစီးမှုသည် အသံတိတ်လူသတ်သမားဖြစ်သည်။ စိတ်ဖိစီးမှုများကို လျစ်လျူရှုခြင်းသည် ယင်းကို ပြေပျောက်စေမည်မဟုတ်ဘဲ ရင်ဘတ်တင်းကျပ်ခြင်း၊ ဗိုက်မအီမသာဖြစ်ခြင်း သို့မဟုတ် အိပ်မပျော်ခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာလက္ခဏာများဖြင့် တုံ့ပြန်နိုင်သည်။ နာတာရှည်စိတ်ဖိစီးမှုကြောင့် ကော်တီဆုန်းပမာဏကိုမြင့်တက်စေပြီး အချိန်ကြာလာသည်နှင့်အမျှ သွေးကြောများကိုလည်းပျက်စီးစေပြီး ရောင်ရမ်းမှုကိုဖြစ်စေနိုင်သည်. . ."**

## ဆေးလိပ်ငွေ့ရှူခြင်း

Vaping ခေါ်ဆေးလိပ်ငွေ့ရှူခြင်းသည် ခေတ်မီပြီး အသီးအနံ့ရနံ့များပါသည်ဟုထင်ရသော်လည်း ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် အန္တရာယ်ရှိသည်။ လူတစ်ဦးချင်းစီက Vaping သည် ကျန်းမာသော တခြားရွေးချယ်စရာဟု ယူဆသော်လည်း အမှန်တကယ်တွင်သွေးကြောများနှင့် နှလုံးတစ်သျှူးများကို ပျက်စီးစေသည့် ဓာတုပစ္စည်းများကိုပေးနေသည့် နည်းလမ်းတစ်ခုမျှသာဖြစ်သည်။ စီးကရက်မသောက်ဖူးသော်လည်း Vape သောက်ခြင်းသည် ငယ်ရွယ်သောလူများတွင် အစောပိုင်းအချိန်၌ နှလုံးသွေးကြောဆိုင်ရာဖိစီးမှုလက္ခဏာများ ပေါ်ပေါက်လာစေနိုင်သည်။

## ကျန်းမာရေးနှင့် မညီညွတ်သော စားသောက်မှု အလေ့အကျင့်များ

အမြန်စားအစားအစာများ၊ သကြားများသော သရေစာများနှင့် နံနက်စာ မစားခြင်းသည် ထင်ထားသည်ထက် ကျန်းမာရေးကိုပို၍ထိခိုက်စေပါသည်။ ကျန်းမာရေးနှင့်မညီညွတ်သော မှားယွင်းသည့်စားသောက်မှုပုံစံများသည် ခန္ဓာကိုယ်ကိုဖိစီးစေပြီး ဇီဝဖြစ်စဉ်မညီမျှမှုကိုဖြစ်စေသည့် သွေးတွင်းသကြားအတက်အကျများကိုဖြစ်စေသည်။

## ဆော်ဒါသောက်သုံးခြင်း

အချိုရည်များသည် သွေးတွင်းဂလူးကို့စ်ကို မြင့်တင်ပေးပြီး ခန္ဓာကိုယ်မှ အင်ဆူလင်ကို ခုခံနိုင်စေရန်နှင့် နောက်ဆုံးတွင် ဇီဝဖြစ်စဉ်ဆိုင်ရာ ပြဿနာများဆီသို့တွန်းပို့သည်။ ဆော်ဒါသည် သကြားဓာတ်လွန်ကဲရုံသာမက စွဲလမ်းခြင်းအလေ့အကျင့်ကြောင့် အစာစားချင်စိတ်ကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးနှင့် မညီညွတ်သောစားသောက်မှုပုံစံများကို ဖြစ်စေနိုင်သည်။ Diet Soda များသည်ပင်လျှင် နှလုံးရောဂါဖြစ်နိုင်ခြေ ခြိမ်းခြောက်မှုစာရင်း၏ ထိပ်ဆုံးတွင်မပါဝင်သော်လည်း ရေရှည်အာဟာရပျက်စီးမှုနှင့် စွမ်းအင်မတည်မငြိမ်ဖြစ်စေသောအန္တရာယ်ရှိသည်။

## အရက်သောက်သုံးခြင်း

အရက်သည် နှလုံးသွေးကြောအန္တရာယ် တိုးမြင့်စေနိုင်သည်။ အထူးသဖြင့် ဦးနှောက်နှင့် နှလုံးဆဲလ်များကိုပျက်စီးစေသည်။ အရက်သည်အိပ်စက်ခြင်းကို အနှောင့်အယှက်ပေးကာ သွေးပေါင်ချိန်ကိုတိုးလာစေပြီး အများစုသည် မကြာခဏ စွဲလမ်းမှုကိုဖြစ်စေသည်။ သုတေသနပြုချက်များအရ အရက်ကို အလယ်အလတ် သောက်သုံးခြင်းသည်ပင် စိတ်ကျရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေကို တိုးမြင့်စေသည်ဟုအကြံပြုထားသည်။ အရက်သောက်သုံးခြင်းသည် အချိန်ကြာလာသည်နှင့်အမျှ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်။ အရက်ကို ကန့်သတ်ခြင်း သို့မဟုတ် ရှောင်ကြဉ်ခြင်းသည် ဦးနှောက်နှင့်နှလုံးကို ကာကွယ်ရန်သော့ချက်ဖြစ်သည်။

## ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရန် ဦးစားမပေးခြင်း

မိမိကိုယ်မိမိ ဂရုစိုက်မှုကို လျစ်လျူရှုထားပြီး တခြားသူများကို အဆက်မပြတ်ဂရုစိုက်ရန် ပြောဆိုနေခြင်းသည် ရုပ်ပိုင်းဆိုင်ရာအကျိုးဆက်များရှိနိုင်သည်ဟုလည်း ရုရှားနှလုံးအထူးကုဆရာဝန်ဒေါက်တာ ယာရာနေ့ဗ်က ထောက်ပြခဲ့သည်။ နာတာရှည်ပင်ပန်းနွမ်းနယ်မှုနှင့် စိတ်ပိုင်းဆိုင်ရာတင်းမာမှုသည် နှလုံးသွေးကြောဆိုင်ရာဖိစီးမှုကို တိုးမြင့်စေသည်။

## ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်း

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်ဟူသော သတိပေးချက်ဖြင့် အစောပိုင်းလူနေမှုပုံစံ ပြုပြင်ပြောင်းလဲမှုများသည် နောက်ပိုင်းတွင် နာတာရှည်ရောဂါများဖြစ်ပွားမှုကို ကာကွယ်နိုင်သည်။ အသိပညာသည်ပြောင်းလဲမှု၏အစအမြဲဖြစ်သောကြောင့် တိတ်တဆိတ်နှလုံးကို ရေရှည်ထိခိုက်စေနိုင်သော လူနေမှုပုံစံများကိုသိရှိထားခြင်းဖြင့် ကြိုတင်ကာကွယ်ရှောင်ရှားနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

---

# ဘားအံမြို့နယ်၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်

ဘားအံ နိုဝင်ဘာ ၂၆

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမည့်ကဏ္ဍအလိုက် အချိတ်အဆက်မိမိ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက်က ဘားအံမြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူအေးက သင်တန်းဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝေါဟာရများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအယူအဆနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစက်ဝန်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသူများကို ရှေးဦးပြုစုခြင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နေချိန်အတွင်း ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ ရပ်ရွာလူထုအခြေခံသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် မိုးလေဝသဆိုင်ရာ သိကောင်းစရာဘာသာရပ်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြများက သင်ကြားပို့ချပေးသည်။ ယင်းသင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ လူမှုကယ်ဆယ်




ရေးအသင်းများနှင့် ဌာနဆိုင်ရာရုံးများမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# နေကြာမျိုးစေ့ပေးအပ်ပွဲနှင့် ဆီထွက်သီးနှံအထွက်နှုန်း တိုးတက်ရေးနည်းပညာဆွေးနွေးပွဲကျင်းပ




**ကော့ကရိတ် နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးတောင်သူများအား နေကြာမျိုးစေ့ပေးအပ်ပွဲနှင့် ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်ရေးနည်းပညာဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းက ကော့ကရိတ်မြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်း တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မျိုးလှိုင်က ဆီထွက်သီးနှံအထွက်နှုန်း တိုးတက်ရေးနည်းပညာများကိုရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသော စိုက်ပျိုးရေးတောင်သူများအား တာဝန်ရှိသူများက နေကြာမျိုးစေ့များ ပေးအပ်သည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးတောင်သူများ စုစုပေါင်းအင်အား ၃၀ ဦးခန့် တက်ရောက်ကြောင်း သိရသည်။

(၄၀၆)

# ကမမောင်းမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး သင်တန်းဖွင့်လှစ်

**ကမမောင်း နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ် ကမမောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖာပွန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူး၊ ဒုတိယမဲရုံမှူးသင်တန်းကို နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းက သင်တန်းဖွင့်လှစ်သည်။

အဆိုပါသင်တန်းအား ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖာပွန်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာ အုပ်စုမဲရုံများ၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး တာဝန်ထမ်းဆောင်မည့် သင်တန်းသား ၂၀ ဦးကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ နည်းပြဆရာများက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ ရွေးကောက်ပွဲစနစ်အကြောင်းနှင့်ပတ်သက်၍ မဲပေးစက်တည်ဆောက်ပုံ နည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌စက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ နည်းလမ်းများအား နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ နိုဝင်ဘာလ ၂၅ ရက်မှ ၂၆ ရက်ထိ နှစ်ရက်ကြာသင်ကြားပို့ချပေးကြောင်း သိရသည်။

(၄၀၆)

# မိတ္ထီလာခရိုင်၌ စိုက်ပျိုးထားသောမိုးစပါးများ စတင်ရိတ်သိမ်း




**မိတ္ထီလာ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စိုက်ပျိုးထားသော မိုးစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်သည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့တွင် မိုးစပါးသီးနှံစိုက်ပျိုးနိုင်ရေးလျာထားပြီး စိုက်ပျိုးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၌ မိုးစပါးစိုက်ပျိုးဧက ၁၃၂၂၃ ဧက၊ မလှိုင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးဧက ၆၄၁၈ ဧက၊ သာစည်မြို့နယ်၌ မိုးစပါးစိုက်ပျိုးဧက ၃၇၄၅၀ ဧကနှင့် ဝမ်းတွင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးဧက ၃၇၅၉၈ ဧက စုစုပေါင်း ၉၄၆၈၉ ဧကကို စိုက်ပျိုးနိုင်သည်။

အဆိုပါမိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်ရရှိရေး စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးမည့် တောင်သူများနှင့်တွေ့ဆုံ၍ အထွက်နှုန်းကောင်းသည့် မျိုးစေ့၊စိုက်နည်းစနစ်၊ ရေပေးနိုင်မည့်အခြေအနေများ၊ သီးနှံကာကွယ်ဆေးနှင့် ဓာတ်မြေဩဇာထည့်သွင်းခြင်း၊ လယ်မြေပြုပြင်ခြင်းလုပ်ငန်းများ စသည့်စိုက်ပျိုးနည်းပညာများကို အသိပညာပေးဆွေးနွေးခြင်းနှင့် စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းခြွေလှေ့ချိန်အထိ စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၀၂)

# မဲပေးကြမည် ဒီမိုကရေစီ

**(တျာချင်း)**

❖ လူတိုင်းမဲပေး၊ ပြည့်ရေးအတွက်သာ
ငါးနှစ်ကာလ၊ ထမ်းကြပြည့်ဝန်တာ
လူကောင်းကိုသာ၊ ရွေးကာပေးမှ။
ဒီမိုကရေစီ၊ ပီပြင်မည်
မြန်ပြည်ဖွံ့ဖြိုး လှမည်နှင့်လေး။

❖ စဉ်းစားတွေးဆ၊ ရွေးကြကိုယ်စားလှယ်
သူ၏ရည်ချင်း၊ ထိန်လင်းသိရမယ်
အမြင်ကျယ်ကျယ်၊ သိဖွယ်များပြား။
နိုင်ငံတကာ၊ တွေ့ကြုံပါ
ယှဉ်ကာရွေးလို့ ထားမည်နှင့်လေး။

❖ အကောင်းမြင်စိတ်များ၊ မြင့်မားပါစေ
ကာယဉာဏ၊ မိတ္တာပေါ်ကြွယ်နေ
ဆောင်ရွက်ချက်တွေ၊ ထူးပေလှူပ်ရှား။
ပြောဆိုညင်သာ၊ ဆက်ဆံရာ
မျက်နှာချိုသာ ထားသည်နှင့်လေး။

❖ ပြည့်ခွန်စွမ်းအား၊ တိုးပွားလှစေချင်
အပြောနှင့်အလုပ်၊ အဟုတ်မှန်ကန်လျှင်
လွှတ်တော်ထက်တွင်၊ ဖြူစင်စိတ်ရင်း။
ကောင်းခြင်းစုံစွာ၊ ဖြစ်စေမှာ
ရင်မှာထင်သာ လင်းသည်နှင့်လေး။

❖ နိုင်ငံအတွင်း၊ စီးဆင်းမြစ်ပမာ
ရေကြည်ရေသန့်၊ ပျံ့နှံ့စေချင်တာ
ရေဆိုးဖယ်ကာ၊ သန့်ရာကိုရွေး။
မဲပေးခြင်းတွင်၊ စိတ်ကြည်လင်
ဖြူစင်ရွေးချယ် ပေးမည်နှင့်လေး။

❖ ဒေသဖွံ့ဖြိုးရေး၊ ပြုပေးနိုင်စွမ်းသူ
နိုင်ငံ့အကျိုး၊ သယ်ပိုးလို့ဆောင်ယူ
လက်တွဲညီတူ၊ တစ်မူထူးခြား။
စွမ်းရည်ပြည့်စုံ၊ အားကိုးယုံ
ခြုံငုံလေ့လာ ထားမည်နှင့်လေး။

❖ စိတ်အားသန်စွာ ပြည့်တွက်တာ
ကောင်းရာ တွေးဆသည်။
ထူးခြားမြင်သာ ကြည့်ကြပါ
မှန်စွာ ရွေးတော့သည်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၁၁-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

## MWD Education, Knowledge & Sports Channel

၂၇-၁၁-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၆:၀၀ | Grade - 8 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၆:၀၀ - ၁၇:၄၅ | Grade - 8 | သမိုင်း၊ သိပ္ပံ |

# ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာမှ အဘိုးအဘွားများ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားရှိမှုနှင့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးဆောင်ရွက်ပေး



နေပြည်တော် နိုဝင်ဘာ ၂၆

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စက်တော်ရာဘိုးဘွားရိပ်သာ၌ တာဝန်ရှိသူများ၊ အဘိုးအဘွားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် အဘိုးအဘွားများအနေဖြင့် မကြာမီကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးနှင့် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားရှိမှု၊ နိုင်ငံသားကတ်ပြားပျောက်ဆုံး/ပျက်ဆီးပါက မိတ္တူလျှောက်ထားကိုင်ဆောင်နိုင်ရေး၊ Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ အဘိုးအဘွားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြည့်ရှုမေးမြန်းပြီး စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘိုးဘွားရိပ်သာအတွက် ဆိုလာမီးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပြီး အဘိုးအဘွားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိကိုင်ဆောင်မှုနှင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ပေးရန်ရှိပါက ဆွေးနွေးပြောကြားနိုင်ရေးမှာကြား၍ အဘိုးအဘွားများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

❖ ကျောဖုံးမှအဆက်

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၁၇ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၅၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၈ ဦး၊ မျက်စိရောဂါ ၅၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၄ ဦးတို့ကိုလိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဗ္ဗန်)နှင့်မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။







ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"မျက်စိကတော့နဂိုတုန်းကတော့ အကောင်းပေါ့။ နောက်ပိုင်းကျ မျက်စိကကြီးလာပြီး တဖြည်းဖြည်းနဲ့ပြာလာတယ်။ အခုကျမှခွဲရပါတယ်။ အခြားသွားရမှာနဲ့စာရင် အိမ်တိုင်ရာရောက်လာပြီးတော့ ဆေးကုသပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ နောက်ပြီးတော့လည်း ကြင်နာမှုယုယမှုလည်းနွေးထွေးပါတယ်။ ဂရုလည်းစိုက်ကြပါတယ်။ ပြည်သူလူထုကို နွေးထွေးသောမေတ္တာနဲ့ ကုသပေးတာ ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

"ကျွန်မရဲ့ရောဂါက ဆီးအောင့်တဲ့ရောဂါပါ။ ဒူးကောက်ကြောတွေလည်း နာပါတယ်။ အဲဒါကိုလာရောက်ပြသခြင်း ဖြစ်ပါတယ်။ အစပ်တွေဘာတွေမစားပါနဲ့တဲ့ ရေများများသောက်ပါတဲ့။ ဝမ်းသာတယ်အခုလိုလာပြီးတော့ ပြခွင့်ရတော့ အထူးလည်းကျေးဇူးတင်တယ်။ အခုလိုလာပြတဲ့လူနာတွေလည်း အကုန်အဆင်ပြေပါတယ်၊ အကုန်လုံးလည်း စစ်စစ်ဆေးဆေးနဲ့ သူတို့ကလုပ်ပေးပါတယ်။ ဘာမှလိုလေသေးမရှိပါဘူး။ ဆရာတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်"ဟုပြောသည်။

(၁၀၀)

# ၂၀၂၅ ခုနှစ် အကြိမ် (၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး အုပ်စု( အေ၊ ဘီနှင့် စီ )တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၁၈၃ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။



ယနေ့တွင် ပြပွဲနဝမနေ့၌ ဖွင့်ဖောက်စစ်ဆေးထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၆၈၅တွဲ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၆၁ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွင်း ပုလဲအတွဲပေါင်း ၄၈၉ တွဲအနက်မှ ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက် အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ၊ အုပ်စု (အေနှင့်ဘီ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၉၀၀ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၁၀ တွဲ၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၈၅ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၀၇၃ တွဲကို နေ့ရက် အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာလ ၁၇ ရက်မှ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

မင်းကျော်စွာ

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့သို့ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။







နေပြည်တော် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည်ယနေ့နံနက်ပိုင်းတွင်ကျုံကူး ကျေးရွာမှ ပြန်လည်ထွက်ခွာ၍ ငပုတောမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝင်း၌ အခြေပြု၍ ဒေသခံပြည်သူ ၃၅၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၆၄ ဦး၊ ခွဲစိတ်ရောဂါ ၃၈ ဦး၊ သားဖွားမီးယပ်ရောဂါ၁၅ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၅၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀ ဦး၊ မျက်စိရောဂါ ၇၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်၊ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၈ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် -

"လက်မောင်းကအနာက တော်တော်အခက်အခဲဖြစ်တယ်။ တော်တော်နာပြီး ပြည်တွေပေါက်သွားမှ သက်သာတယ်။ ဒူးခေါင်းကလည်း နာတော့လေ အရိုးပွတဲ့ ဆေးတွေကိုပဲ သောက်နေရတယ်။ အဲဒါမှ သက်သာတာကိုး။ သွားကလည်း ပလက်တီနမ်စိုက်တာတွေက အစတွေဝင်ပြီးတော့ ထမင်းလည်းမဝါးနိုင်ဘူး ရှေ့သွားနဲ့ပဲစားရတယ်။ အဲဒါအခုလုပ်ပေးထားတယ်။ သဘော်ပေါ်ခေါ်သွားပြီးတော့လက်ကိုလည်း ထုံဆေးနဲ့ခွဲပေးမယ်တဲ့။ နောက်တစ်ခေါက်တစ်လပိုင်းလာရင် ကျန်တဲ့သွားကို ပြန်နုတ်ပေးမယ်လို့ပြောတယ်။ ဆေးတွေလည်းပေးတယ်။ သွေးဖောက်ယူထားတယ်။ သွေးစစ်ပေးတယ်။ ဆီးချိုစစ်ပေးတယ်။ နွေးနွေးထွေးထွေးရှိပါတယ်။ ဆရာမလေးတွေကလည်းလိုက်ပို့တယ်။ ဆရာဝန်လေးတွေကလည်း သေချာစစ်ဆေးကုသပေးပါတယ်။ ဘာမှမကုန်ကျဘဲ လာပြီး ကုသပေးတာကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ အားလုံးလည်း ကျန်းမာချမ်းသာကြပါစေ"ဟု ပြောသည်။

"လမ်းမလျှောက်နိုင်လို့ အဲဒါလာပြတာ။ နာတဲ့အခါကျရင် လမ်းမလျှောက်နိုင်ဘူး။ မတ်တတ်ရပ်လို့ရှိရင်လည်း အကြာကြီးမရပ်နိုင်ဘူး။ ကျန်းမာရေးအခြေအနေကတော့ အရိုးကျီးပေါင်းဖြစ်တယ်လို့ ပြောတယ်။ ခုံမှာဒီလိုထိုင်ရမယ်။ ကြာရင်လေ့ကျင့်ခန်းလုပ်ရမယ်။ အဲဒီလိုပြောပါတယ်။ ဒီကိုလာရင်ကောင်းတယ်ပေါ့နော်။ သူတို့က စေတနာပါပါနဲ့လုပ်ပေးတယ်။ အိပ်လို့ရှိရင်လည်း ဒီအရိုးကြီးက အရင်အရိုးကြီးက အဲလိုမပေါ်ဘူးလေ။ အခုမှအရိုးကြီးက ပေါ်လာတာ။ ထိုင်ရင်ထရင်ကတော့ ဆတ်ခနဲထလို့မရဘူး။ ဒီလိုပဲဖြည်းဖြည်းလေး ထရတယ်။ လာပြီးတော့ကုသပေးတဲ့ ဆရာတွေ၊ ဆရာဝန်တွေ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၁၀၀)

# ကချင်ပြည်နယ်ရှိ အားကစားအဆောက်အအုံများသန့်ရှင်းသာယာလှပရေး ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ်အားကစား နှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ပြည်နယ် လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့် အတူ ယနေ့ညနေပိုင်းတွင် ကချင်ပြည် နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်အားကစားကွင်းအတွင်း နန်းသဲဖြည့်ခြင်း၊ မြက်စိုက်ခြင်းနှင့် အားကစား ကွင်းသန့်ရှင်းသာယာလှပရေးလုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လူထုအားကစား Mass Sport လုပ်ငန်းများမှ Excellent Sports ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအပါအဝင် လူထုပါဝင်လှုပ်ရှားသည့် အားကစားပြိုင်ပွဲများနှင့် လှုပ်ရှားမှုများကို စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်ရန်မှာကြားပြီး ငြိမ်းချမ်းသာယာရေကူးကန်၏ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများ၊ လှပသစ်လွင်စေရန်နှင့် အပေါ်ဆိုင်းကြိုးများသံချေးမတက်စေရန် ဆောင်ရွက်ထားရှိမှုများ၊ ခရိုင်အားကစားကွင်း အတွင်းရှိ သစ်ပင်ချုံနွယ်ရှင်းလင်းထားမှု များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကချင်ပြည်နယ် အားကစား နှင့်ကာယပညာကော်မတီ၏အစီအစဉ်ဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီး ဌာနက ဖွင့်လှစ်လျက်ရှိသည့် ဘောလုံး အကယ်ဒမီသင်တန်းအတွက်သင်တန်းသား များ စိစစ်ရွေးချယ်လေ့ကျင့်သင်ကြားနေမှု ကို ကြည့်ရှုအားပေးပြီး အားကစားသမား များ၏ လေ့ကျင့်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားစေရေးဆောင်ရွက်ရန် တာဝန် ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

**၂၆-၁၁-၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေစိမ်းရောင်များဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့

ဝါးပင်သည် အမြဲစိမ်းလန်းစိုပြည်သောမြက်ပင်ကြီးမျိုးဖြစ်သည့်အပြင် လူတို့မရှိမဖြစ်အသုံးဝင်သောအပင်လည်းဖြစ်သည်။ လူသားများသည် ရှေးနှစ်ပေါင်းများစွာ ဘိုးဘေးဘီဘင်လက်ထက်ကတည်းက နေထိုင်ရေး၊ စားသောက်ရေး၊ လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် မိရိုးဖလာနည်းဖြင့် ပြုလုပ်သုံးစွဲလာကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပဲခူးရိုးမ၊ အနောက်ရိုးမ ရခိုင်ပြည်နယ်၊ ရှမ်းကုန်းပြင်မြင့်အထက်၊ တနင်္သာရီကမ်းရိုးတန်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဝါးပင်များပေါများစွာပေါက်ရောက်သည်။

ဝါးပင်သည် ဥရောပတိုက်မှအပ အရှေ့အာရှတိုက်နှင့် အာဖရိကတိုက်တို့တွင်လည်း ပေါများစွာပေါက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံသည် ဝါးပင်ပေါက်ရောက်ရာ နိုင်ငံတိုင်းပြည်များအနက် တတိယအများဆုံးအဖြစ် ရပ်တည်လျက်ရှိသည်။



မြန်မာနိုင်ငံတွင် ဝါးမျိုးစုံပေါက်ရောက်သည့်အတွက် ဝါးမျိုးနွယ်ပေါင်း ၂၁ မျိုးနှင့်ဝါးမျိုးစိတ်ပေါင်း ၁၀၂ မျိုးရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် စီးပွားဖြစ်အသုံးပြုနေသော ဝါး ၁၈ မျိုးမှာ မြင်ဝါး၊ ထီးရိုးဝါး၊ ကြခတ်ဝါး၊ တင်းဝါး၊ ဝါးနွယ်၊ ကရင်ဝါး၊ ကြသောင်းဝါး၊ တပင်တိုင်ဝါး၊ သိုက်ဝါး၊ သနပ်ဝါး၊ ကြလိုဝါး၊ ဝါးပိုးဝါး၊ ဝါးပိုးမျက်ဆန်ကျယ်၊ ဝါးကြီး၊ ဝါးနက်ဝါး၊ ဝါးယား၊ ကလွေဝါး၊ ဝါးနီတို့ဖြစ်ကြသည်။

**အိမ်တွင်းအသုံးအဆောင်အဖြစ်** ဆန်ကော၊ ဆန်ခါ၊ တင်းတောင်း၊ ပုတ်၊ ပလိုင်း၊ ထရံ၊ ဖျာ၊ ဝါးကပ်၊ ဝါးယင်းလိပ်၊ တံမြက်စည်း၊ ထီးရိုး၊ ဝါးတူ၊ သွားကြားထိုးတံ၊ ဝါးလိုက်ကာ၊ ခုတင်၊ ဆက်တီ၊ ကုလားထိုင်၊ စားပွဲ၊ ဝါးအထပ်သား၊ ဝါးပါကေး၊ ဝါးကြမ်းခင်း၊ ဝါးအဆောက်အအုံ၊ ဝါးငြမ်း၊ ဝါးရေပိုက်၊ ဝါးရေတံလျှောက်တို့အသုံးပြုကြသည်။

**စားသောက်ကုန်အဖြစ်** မျှစ်စို၊ မျှစ်ခြောက်၊ ဗင်နီကာ၊ အရက်၊ ဝိုင်၊ ဝါးပေါင်းရည်၊ ဆေးဝါး၊ တိရစ္ဆာန်အစားအစာအဖြစ် ထုတ်လုပ်နိုင်သည်။

**လူသုံးကုန်အဖြစ်** စက္ကူပျော့ဖတ်၊ အဝတ်အထည် (ချည်)၊ ဝါးမီးသွေး၊ ဝါးဆပ်ပြာ၊ လောင်စာတောင့်၊ ရေငွေ့စုပ်ခဲ၊ ရေသန့်စင်မီးသွေးတို့ ထုတ်လုပ်ကြသည်။

**အလှဆင်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းအဖြစ်** ဝါးတစ်ရှူးဘောက်၊ ဓာတ်ပုံဘောင်၊ မီးအိမ်အမျိုးမျိုး၊ ဝါးယပ်တောင်၊ ဝါးနာရီ၊ ဝါးလင်ပန်း၊ ဝါးဓာတ်ဘူး၊ ဝါးရေနွေးကရား၊ သောက်ရေခွက်၊ ဖုန်းတင်စင်၊ အင်္ကျီချိတ်၊ ဝါးတုတ်ကောက်၊ ဝါးမြစ်ဆုံပန်းပုများ ဖန်တီးထုတ်လုပ်ကြသည်။

**ဝါးရွက်ဖက်မှ** အိမ်အမိုးမိုးခြင်း၊ ခမောက်၊ ဦးထုပ်၊ ဝါးဖက်ပန်းကန်၊ ဝါးဖက်ခွက်၊ ဝါးဖက်ထမင်းဘူးအမျိုးမျိုးထုတ်လုပ်ကြသည်။

**ဝါးပင်တို့၏ သဘောသဘာဝနှင့် ဂုဏ်သတ္တိ**

ဝါးပင်သည် ဖြောင့်တန်းပြီး ပေ ၆၀ မှ ပေ ၁၂၀ ကျော်အထိ မြင့်တက်နိုင်သည်။ တစ်ပင်ချင်းသော်လည်းကောင်း၊ ရုံလိုက်သော်လည်းကောင်း ပေါက်တတ်ကြသည်။ ဝါးတစ်ပင်၏ တစ်နေ့ရှင်သန်နှုန်းမှာ ၁၀ လက်မခန့်မြင့်တက်နိုင်သည်။

ဝါးပင်သည် အမြဲစိမ်းစိုနေသောအပင်ဖြစ်သည့်အတွက် နှစ်ရှည်ပင်များထက် ရေစုပ်ယူမှု၊ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုအားကောင်းသည်။ ဝါးပင်သည် နေ့အချိန်တွင် စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိသော မီးခိုးများနှင့် လေယာဉ်၊ မီးရထား၊ ကား၊ ဆိုင်ကယ်၊ အင်ဂျင်မီးစက်များမှထွက်ရှိနေသော ကာဗွန်ဒိုင်အောက်ဆိုက်ညစ်ညမ်းသောဓာတ်ငွေ့လေများကိုစုပ်ယူထားရှိသည်။ ညအချိန်တွင် လူ၊ တိရစ္ဆာန်တို့အတွက် အောက်ဆီဂျင်ဓာတ်ငွေ့များကို ထုတ်လွှတ်ပေးလျက်ရှိသည်။

ဝါးတစ်ပင်၏ သက်တမ်းသည် နှစ်ပေါင်း ၃၀ မှ ၁၂၀ ထိရှင်သန်နိုင်သည်။ ဝါးပင်သည် နှစ်အတန်ကြာမှ ဝါးသီးများသီးလေ့ရှိကြသည်။ တချို့နှစ်ပေါင်း ၃၀ ကြာမှ ဝါးသီးများသီးကြသည်။ ဝါးသီးများ သီးပြီး ဝါးရွက်များ တဖြည်းဖြည်းကြွေကျခြောက်သွေ့ကာ သေဆုံးကြရသည်။ ဝါးသီးများသီး၍ သေဆုံးခြင်းကို ဝါးသုဉ်းသည်ဟုခေါ်သည်။ ဝါးသုဉ်းခြင်းသည် တစ်ပင်ချင်းသော်လည်းကောင်း၊ ရုံလိုက်သော်လည်းကောင်း၊ ကွက်ကျားသော်လည်းကောင်း မျိုးသုဉ်းတတ်ကြသည်။ နှစ်ရှည်ပင်စိုက်ပျိုးပါက နှစ်ပေါင်း ၃၀ မှ ခုတ်ယူအကျိုးခံစားနိုင်သလို ဝါးပင်စိုက်ပျိုးပါကဝါးသက်တမ်းနှစ်နှစ်မှ ခုနစ်နှစ်အတွင်း အကျိုးခံစားနိုင်သည်။ ဝါးသက်တမ်းနှစ်နှစ်သားအား ယွန်းထည်ခွေရန် ရက်ထည်များနှင့် နီးများဖြာရန်အတွက်အသုံးပြုနိုင်သည်။ လမ်းတံတားအဆောက်အအုံ၊ ပရိဘောဂအထည်များထုတ်လုပ်ရန်အတွက် ခုနစ်နှစ်သားအထက်ဝါးများကိုအသုံးပြုနိုင်သည်။

**ဝါးစိုက်ပျိုးခြင်း**

ဝါးစိုက်ပျိုးရန်ပျိုးထောင်ရာသီမှာ ငှက်ပျောကဆုန်၊ ဝါးနယုန်ဆိုသည့်အတိုင်း မေလကုန် ဇွန်လဆန်းတွင် ပျိုးထောင်ပါက အကောင်းဆုံးအချိန်ဖြစ်သည်။ ဝါးပင်စိုက်သည့်အခါ ငှက်ပျောတစ်နှိုက်၊ ဝါးတစ်မိုက်ဆိုသည့်အတိုင်း မြေအောက် ၉ လက်မ



အနက်တူး၍ စိုက်ရသည်။ ဝါးစိုက်သည့်အခါ လေလာရာလမ်းကြောင်းအတိုင်း ခပ်စောင်းစောင်းစိုက်ရသည်။ ဝါးပင်များမျိုးပွားရန် ဝါးမျိုးပွားနည်းသုံးနည်းရှိသည်။ အမြစ်မှ ဝါးပျိုးနည်း၊ ပင်စည်မှ ဝါးပျိုးနည်း၊ အကိုင်းမှဝါးပျိုးနည်းတို့ဖြစ်သည်။ ဝါးပင်များစိုက်ပျိုးရာတွင် မြေကေပေါ်ကြည့်၍ ၁၀ ပေမှ ၁၅ ပေခန့်အကွာခွာ၍ စိုက်ပျိုးပြီး ဝါးရုံနှစ်ပင်ကြားတွင် ရာသီသီးနှံများစိုက်ပျိုးထားရှိခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်သည်။ ဝါးတောများကို အပိုင်းအလိုက် (က)(ခ)(ဂ)အုပ်စုခွဲစိုက်ပျိုး၍ နှစ်အပိုင်းအလိုက် မျှစ်များအလှည့်ကျချိုးယူသုံးစွဲပါက ဝါးမျိုးဆက်များပျောက်ကွယ်မှုမရှိဘဲ ရေရှည်တည်တံ့ဖြစ်ထွန်းနိုင်သည်။ ဝါးစိုက်ပျိုးပြီး နှစ်နှစ်သုံးနှစ်ခန့်အကြာတွင် မျှစ်များချိုးယူသုံးစွဲနိုင်သည်။

**ဝါးများတာရှည်ခံရန် နည်းစနစ်များ**

ဝါးများတာရှည်ခံရန် မိရိုးဖလာနည်းသုံးနည်းရှိသည်။ ကျပ်ခိုးတိုက်ခြင်း၊ ချောင်းငယ်ပင်လယ်ရေစိမ်ခြင်း၊ ရေပွက်ပွက်ဆူတွင် ပြုတ်ခြင်းတို့ဖြစ်သည်။ ယခုအခါ ဝါးလက်မှုထည်များကို မြန်ဆန်စွာထုတ်လုပ်နိုင်စေရန်နှင့် ဝါးများ ပိုးမထိုး၊ မှိုမတက်စေရန် ဝါးတစ်ပိဿာ၊ ကျောက်ချဉ် တစ်ကျပ်သား၊ ဆားသုံးကျပ်သားထည့်၍ ရေပွက်ပွက်ဆူတွင် ထည့်ပြုတ်ကြသည်။ ဝါးအတွင်းရှိ အချိုဓာတ် ဆဲလ်လူးလို့စ် (ခ) ကစီဓာတ်များတိုက်ထုတ်ရန်အတွက် အငန်ဓာတ်၊ အချဉ်ဓာတ်၊ အဖန်ဓာတ်များစိမ့်ဝင်ရန်ဖြစ်သည်။

ဝါးများခုတ်ရာတွင် မိုးအကုန်ဆောင်းအကူးတန်ဆောင်မုန်းလအတွင်း ခုတ်ယူပါက မှိုနှင့်အင်းဆက်ပိုးများရန်မှကင်းဝေးနိုင်သည်။ ဝါးတောများအနီးရှိ ပင်လယ်မြစ်ချောင်းများ၏ဒီရေအတက်အကျကိုကြည့်၍ ဒီရေကျချိန်တွင် ခုတ်ယူသုံးစွဲနိုင်သည်။ လပြည့်နေ့သည် ဒီရေအတက်အကျနှင့်သက်ဆိုင်နေပြီး လ၏ဆွဲအားကြောင့် မြေကြီးအတွင်းမှ ရေများအထက်သို့မြင့်တက်ကာ ဝါးအတွင်းရှိ ဆဲလ်လူးလို့စ်(ခ) ကစီဓာတ်အချိုဓာတ်များအပေါ်သို့ မြင့်တက်မှုကြောင့် မှိုနှင့်ဝါးပိုးတို့၏အန္တရာယ်ပေးနိုင်သည်။ ထို့ကြောင့် လပြည့်နေ့တွင် ဝါးခုတ်ခြင်းကို ရှောင်ရှားသင့်သည်။ နံနက်စောစောခုတ်ယူသောဝါးများသည်လည်း မှိုနှင့်အင်းဆက်ပိုးအန္တရာယ်မှ ကာကွယ်ပေးသည်။

ခေတ်မီဓာတုဗေဒဆေးဝါးအသစ်များဖြင့် ဝါးများမှို၊ ပိုးမထိုးစေရန်အတွက် အောက်ပါနည်းလမ်းများကို သုံးစွဲနိုင်သည်–

- Costic Soda ထည့်၍ ရေတွင် မိနစ် ၃၀ မှ ၁ နာရီခန့် ပြုတ်ခြင်း၊
- Sodium Carbonate ၁ နာရီခန့် ရေစိမ်ခြင်း၊ ပြုတ်ခြင်း၊
- Boric Acid & Borax ငါးရက်ခန့်ရေစိမ်ခြင်းတို့လည်း ပြုလုပ်နိုင်သည်။

**ဝါးအဓိပ္ပာယ်အဆိုအမိန့်နှင့်နေ့ရက်သတ်မှတ်ခြင်း**

ဝါးနှင့်ပတ်သက်၍ ထွက်ရှိသည့်နိုင်ငံများမှလည်း အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုတင်စားခေါ်ဝေါ်ကြသည်–

- အိန္ဒိယနိုင်ငံ–ဆင်းရဲသားများအတွက် သစ်(Wood of the Poor)
- တရုတ်နိုင်ငံ–လူသားများအတွက် မိတ်ဆွေ (Friend of the People)
- ဗီယက်နမ်နိုင်ငံ–မိတ်ဆွေ(Friend)
- ထိုင်းနိုင်ငံ–ပြုလွယ်၊ ပြင်လွယ်ပြီး ခိုင်ခံ့မှုရှိသော (Flexibility but Strong)
- မြန်မာနိုင်ငံ–ရွှေစိမ်း (Green Gold)

**အကျိုးကျေးဇူးများ**

ဝါးတောများရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံဝါးချစ်သူများအသင်း၊ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းအဖွဲ့များမှ ပြန်လည်ပြုစုပျိုးထောင်နေသည်ကို တွေ့ရှိရသည်။ ဝါးတောများပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးထားခြင်းကြောင့် သစ်တောပြုန်းတီးမှုကို နှစ်ရှည်စောင့်စားရန်မလို နှစ်တိုအတွင်း ကမ္ဘာကြီးပူနွေးလာမှု(Global Warming)ကို ထိန်းချုပ်ရာရောက်သည်။ ဝါးများစိုက်ပျိုးထားခြင်းကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ မြေလျှောင်လှုပ်ခတ်ခြင်း၊ မြေဆီလွှာပျက်စီးမှု၊ ပင်လယ်ရေတိုက်စားမှု(Costal Erosion)ကို အထူးကာကွယ်ပေးသည်။

သဘာဝဝါးအရင်းအမြစ်များကိုအသုံးချခြင်းဖြင့် အစိမ်းရောင်(Green Economy)ကို အကောင်အထည်ဖော်ရာရောက်ရှိသည်။ ဝါးတောများရှင်သန်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဝါးတောအတွင်း သဘာဝပေါက်ရောက်နေသော သစ်ဥ၊ သစ်ဖုများရရှိလာသည့်အပြင် ဝါးတောနေသားရဲတိရစ္ဆာန်များနှင့် ဇီဝမျိုးကွဲကျေးငှက်များကို ထိန်းသိမ်းရာရောက်ရှိသည်။

စာမျက်နှာ ၁၄ သို့➤




# မြိတ်မြို့ နိဗ္ဗိန္ဒကျောင်းစာသင်တိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နိဗ္ဗိန္ဒကျောင်းစာသင်တိုက်ရှိ သံဃာတော်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့နေ့လယ်ပိုင်းတွင် အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သံဃာတော် ၄၈ ပါးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် နှိုးဆော်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနက် ပုံစံ (၁၅) ဖြင့် တောင်းဆိုထားသည့် ယာယီနေရပ်စွန့်ခွာနေရသူများသည် ၂၅-၁၁-၂၀၂၅ ရက်နေ့မှ ၂၉-၁၁-၂၀၂၅ ရက်နေ့အတွင်း ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးသည့် နေ့ရက်နှင့်နေရာတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

# စစ်တွေမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပြည်နယ်ရွေးကောက်ပွဲအရာရှိနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)တို့ရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်)ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး) တို့ရှိ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ကျောင်းသားတစ်ဦးအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်စဉ်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများမှ အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၅) ထပ်တိုက် လူနေအဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
| --- | --- |
|  |  |

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် အဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
| --- | --- |
|  |  |

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် အဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
| --- | --- |
|  |  |

၁ ကျောဖုံးမှအဆက်

KK Park နယ်မြေအတွင်းရှိ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း (၃) နယ်မြေအတွင်း တရားမဝင်အဆောက်အအုံ ၉ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း(၃)ပိုင်းတွင် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိသည့်အနက် ၂၄၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အဆောက်အအုံ ၄၁ လုံးအတွင်း ထပ်မံစစ်ဆေးခဲ့ရာ Online လိမ်လည်မှုလုပ်ငန်းသုံး Computer၊ Mobile Phone နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိခြင်းမရှိကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး အဆောက်အအုံများ၊ လမ်းဆုံလမ်းခွများ၌ ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၁၈၁ ဦး၊ မလေးရှားနိုင်ငံသား ၆ ဦး၊ ကင်ညာနိုင်ငံသား ၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၂ ဦး၊ ဆီးရီးယားလီယွန်နိုင်ငံသား ၂ ဦး၊ မာလဝီနိုင်ငံသား ၁ ဦး၊ တရုတ်(တိုင်ပေ)မှ ၂ ဦး၊ စုစုပေါင်း ၁၉၅ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀ လုံး၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့်လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၁၄၄ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့်၉ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၈ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၇ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၇ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၈ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၅ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။




တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၃ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၁ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၁၃ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၂ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၆၈၇ ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Biography of President of the Republic of Belarus His Excellency Mr.Aleksandr Lukashenko



His Excellency Mr.Aleksandr Lukashenko, President of the Republic of Belarus, was born on 30 August 1954 in the town of Kopys, Orsha District, Republic of Belarus. He attended the secondary school in Alexandria, Shklov District. In 1975, he graduated from Kuleshov Mogilev State Pedagogical Institute where he majored in history. In 1985, he received a diploma of an economist from Belarusian Agricultural Academy.

In 1975, he joined the army, served in the border troops, and was a political instructor in the Western Border District (Brest). In 1980-1982, he was Deputy Commander of a squadron (political officer) of a military unit of the Soviet Army.

From 1977 to 1990, he worked his way up through all the steps of the career ladder. He was Secretary of the Komsomol Committee of the Food Administration of Mogilev, Instructor of the Oktyabrsky District Executive Committee of Mogilev, Secretary of the Znanie public association of Shklov. He gained a wealth of first-hand experience serving as Deputy Chairman of the collective farm Udarnik, Shklov District, Deputy Director of the Shklov Construction Materials Factory, and Secretary of the Communist Party of the Lenin collective farm. At the age of 33, he was appointed as Director of the state farm Gorodets, Shklov District, which he led from 1987 to 1994.

In 1990, he was elected as Member of the BSSR Supreme Council where he led the Commission for examining the operation of commercial entities established under the auspices of the state administration bodies.

In June 1993, he took charge of the parliament's anti-corruption commission. From 10 July, 1994 to the present, he is the President of the Republic of Belarus.

## Monywa District harvests more than 1,000 acres of sunflower

MONYWA November 26

Statistics of Monywa District Agriculture Department mentioned that local farmers have reaped more than 1,000 acres of sunflower in Monywa District of Sagaing Region this year.

During this year's monsoon crop season, sunflower was cultivated on 9,585 acres in Monywa District. Harvesting of the cultivated sunflower fields began in September, and as of today, 1,455 acres have been harvested, with an average yield of 23.71 baskets per acre.

"This year, sunflower has been cultivated on 9,585 acres during the monsoon crop season in Monywa District. Harvesting is now underway, and over 1,000 acres have been completed so far. To help reduce the import of edible oil, efforts are being made to expand the cultivation of sunflower, which is an oil crop. Sunflower produces a higher oil yield per acre compared to other crops such as groundnut and sesame," said Daw San San Myint, Head of the Monywa District Department of Agriculture.

As of now, sunflower harvesting by township in Monywa District has been completed on 728 acres in Budalin Township, 502 acres in Ayadaw Township, and 225 acres in ChaungU Township, totalling 1,455 acres.

To promote sunflower cultivation expansion in Monywa District, the respective township Departments of Agriculture have been conducting intensive awareness and training programs for both staff and farmers to enhance their technical skills and knowledge.

Arrangements have been made to provide sunflower farmers with quality seeds and to sell urea fertilizer at fair prices, while improved sunflower seed varieties are being distributed through farmer-to-farmer exchange systems.

SK

## Naga region expands sown acreage of rainfed paddy this year

NAGA November 26

Local farmers expanded sown acreage of rainfed paddy in Naga Self-Administered Zone in Sagaing Region this year, according to the statistics of Sagaing Region Agriculture Department.

During the 2025–2026 monsoon crop season, the Naga Self-Administered Zone had set a target to cultivate 25,400 acres of rainfed paddy. Planting began in May this year, and as of today, 26,642 acres have already been cultivated, surpassing the target, according to reports.

"This year, the target for rainfed paddy cultivation in the Naga Self-Administered Zone was 25,400 acres. To date, 26,642 acres have been planted, which exceeds the target. Farmers are being provided with the necessary technologies and paddy varieties, and field supervision is being carried out to ensure timely cultivation," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

Local farmers planted 3,330 acres of rainfed paddy in Leshi Township, 2,028 acres in Sumra, 5,884 acres in Lahe Township, 1,511 acres in Thangpakhwe, 3,201 acres in Nanyun, 4,909 acres in Donhee and 5,779 acres in Pansawng, totalling 26,642 acres.

In 2025-2026 monsoon crop growing season, Leshi Township earmarked cultivation of 3,330 acres of rainfed paddy, 2,028 acres in Sumra, 5,884 acres in Lahe Township, 1,511 acres in Thangpakhwe, 2,556 acres in Nanyun, 4,909 acres in Donhee and 5,182 acres in Pansawng, totalling 25,400 acres.

During this year's monsoon crop season, township agriculture departments and local farmers are working together to ensure systematic cultivation of rainfed paddy without difficulties.

Farmers in the Naga Self-Administered Zone are being provided with agricultural technologies, awareness on pest prevention, measures to avoid crop damage or loss, and guidance to ensure harvested paddy is timely placed under shelter.

This year, the rainfed paddy fields cultivated in the Naga Self-Administered Zone are thriving. To ensure good yields, township agriculture departments and staff are conducting field supervision, providing guidance on selecting quality and pure seeds, preventing pest infestations, transplanting seedlings, weeding, and applying fertilizers systematically.

SMK

●● From Page - 21

building in Shwe Kokko Myaing Village, Puhlwepu Village-tract, Myawady Township, where the Illegal Foreign Nationals Investigation Team has already interviewed 144 of them, and inter-agency collaboration teams are currently collecting necessary personal data and documentation to expedite their repatriation and hand over to their respective countries.

It is reported that from January 30, 2025, to the present day, a total of 12,882 foreign nationals who illegally entered Myanmar have been detained, and 12,687 of them have been processed for repatriation. Of that number, 10,029 individuals have already been systematically deported and handed over to their respective countries via Thailand in accordance with legal procedures, and the remaining 2,853 foreign nationals are ready to be transferred to their respective countries and are being well cared for.

Also, it is reported that the State Government is committed to preventing online fraud and gambling from taking root in Myanmar as a national duty and will continue to coordinate and cooperate with neighbouring country governments, in addition to internal forces, to carry out these operations.

**100**




A documentary photograph showing a demolished five-storey residential building, which was illegally built in Part-3 of KK Park.



A documentary photograph showing detained foreigners who entered Myanmar illegally.



The raid of a seven-storey building suspected of accommodating illegal foreigners.



The raid against an eight-storey building suspected of accommodating illegal foreigners.



A documentary photograph showing the launch of necessary investigation processes to hand over foreigners, who entered Myanmar illegally, to their relevant countries.



The raid against a 13-storey building suspected of accommodating illegal foreigners.

# Putin lauds Kyrgyzstan under Japarov's leadership as reliable Russian partner



MOSCOW November 26

Kyrgyzstan, under Sadyr Japarov's leadership, has proven to be a reliable partner for Moscow, Russian President Vladimir Putin highlighted on Wednesday.

"We are pleased to note that the republic, under your leadership, is a stable, reliable partner from a domestic political point of view, and this is one of the main conditions for further developing our bilateral trade, economic and investment ties," Putin said at a meeting with Japarov.

Furthermore, Russia and Kyrgyzstan maintain coordinated positions within international organizations, the president pointed out, adding that Moscow is committed to close cooperation with Bishkek during its Shanghai Cooperation Organization presidency.

**Sputnik**

# Trump confirms Witkoff's meeting with Putin next week

WASHINGTON November 26

US President Donald Trump has confirmed that his special envoy Steve Witkoff will be meeting with Russian President Vladimir Putin in Moscow next week and that Trump's son-in-law Jared Kushner might also be involved.

Earlier this week, Trump wrote on Truth Social that he had directed Witkoff to meet with Putin in Moscow, while US Army Secretary Daniel Driscoll would engage with Ukrainian officials to finalize a peace deal.

"Steve Witkoff is going over [to Russia] may be with Jared. I'm not sure about Jared going, but he's involved in the process, smart guy, and they're going to be meeting with President Putin, I believe next week in Moscow," Trump told reporters aboard Air Force One on Tuesday, on his way to Florida.

Trump reiterated that many points of Washington's peace plan on Ukraine have already been agreed upon and said that Russia is making some concessions.

**Sputnik**

# Death toll from southern Thailand floods reaches 33



BANGKOK November 26

Authorities said on Wednesday that the death toll from flooding in southern Thailand has reached 33, as continuous heavy monsoon rains have triggered widespread inundation.

During a press briefing, government spokesperson Siripong Angkasakulkiat said fatalities have been confirmed in seven southern provinces, with Nakhon Si Thammarat recording the highest toll at nine.

The causes of deaths included landslides, electrocution and drowning, he added.

According to the Department of Disaster Prevention and Mitigation, over 980,000 households, which represent approximately 2.7 million people, remained affected by the devastating floods as of Wednesday morning.

Emergency relief was currently underway throughout the region, with authorities deploying flat-bottomed boats, water pumps, and trucks to assist in evacuations and drainage efforts, the department said in a statement.

Meanwhile, the Thai Army has mobilized troops, aircraft, and special forces to assist residents in flood-hit areas.

The Thai Meteorological Department has issued warnings that heavy rains will continue in southern region through Wednesday, urging residents in foothills and low-lying areas to stay alert for flash floods and forest runoff.

**Xinhua**

# Blast at ammunition depot in Syria's Idlib kills at least 5

DAMASCUS November 26

At least five civilians were killed on Wednesday when an explosion struck an ammunition depot in the town of Kafr Takharim in the western countryside of Idlib Province, according to a monitoring group and first responders.

The Syrian Civil Defence Center in the Harem area told state media that the victims remained trapped under the rubble hours after the blast, with rescue teams continuing excavation and recovery efforts at the site.

The Syrian Observatory for Human Rights, a Britain-based war-monitoring group, said the explosion occurred inside an ammunition warehouse in Kafr Takharim, without immediately providing details on the cause of the blast or the full number of casualties.

Rescue teams reported significant structural damage to buildings surrounding the depot, while local witnesses said the explosion sent plumes of smoke rising above the town.

No armed group claimed responsibility for the warehouse or the materials stored inside, and there was no immediate comment from local authorities about the nature of the blast.

**Xinhua**

# Heavy rainfall triggers landslides, flooding in BiH

SARAJEVO November 26

Heavy overnight rainfall triggered flooding and landslides across Bosnia and Herzegovina (BiH), especially in the Herzegovina-Neretva Canton, authorities said Wednesday.

Rising water on the Drezanka River near Mostar, the capital city of the canton, threatened homes and forced one family to evacuate. Flooding also hit Bugojno, where several houses were inundated.

A major landslide closed the M-17.5 road between Jablanica and Blidinje, and traffic is difficult on other routes. Emergency flood measures are in place on several rivers, including the Neretva.

The Sava River Basin Agency warned of an emergency hydrological situation from November 25-27, with more rainfall expected to raise water levels across the region.

BiH frequently experiences seasonal flooding, especially in mountainous areas, due to sudden increases in river levels following heavy rainfall.

**Xinhua**

# Nine more buildings used for committing online fraud and gambling were demolished and destroyed within the KK Park Area, and an additional 195 illegal foreign nationals from within the Shwe Kokko Area were further investigated, identified, and detained

NAY PYI TAW November 26

The Government of Myanmar is continuing to take action against the areas of Shwe Kokko and KK Park in Myawady Township, which are major hubs for online fraud and gambling, by entering the territories with combined operation teams including security forces, administrative bodies, and local officials; systematically demolishing and destroying illegal buildings and equipment used for online fraud; identifying, arresting, and prosecuting illegal foreign nationals; and deporting and handing them over to their respective countries.




A documentary photograph showing a demolished two-storey building, which was illegally built in Part-3 of KK Park.




A documentary photograph showing demolished five-storey building C-11, which was illegally built in Part-3 of KK Park.

In the ongoing operations to combat online fraud and gambling, the illegal buildings used to commit online fraud and gambling within the KK Park Area are being systematically demolished and destroyed daily, having been divided into three phases. During these efforts, an additional nine illegal buildings in the Phase (3) area were demolished and destroyed today, bringing the total number of illegal buildings destroyed across all three phases of the KK Park Area to 246 out of the total of 635 illegal buildings.

Similarly, it is reported that clearance operations continued in the Shwe Kokko Area, where an additional 41 buildings were inspected today, and no computers, mobile phones, or related equipment used for online fraud operations were found.

Furthermore, an additional total of 195 individuals who had committed online fraud and gambling in the Shwe Kokko Area after transiting through some neighbouring countries, including Thailand, and were hiding in buildings and at road junctions, were further investigated, identified, arrested, and detained today; these individuals include 181 Chinese nationals, 6 Malaysian nationals, 1 Kenyan national, 2 Filipino nationals, 2 Sierra Leonean nationals, 1 Malawian national, and 2 Chinese (Taipei).

The report concluded that based on the total clearance operations in the Shwe Kokko Area, a total of 2,042 foreign nationals who had entered and resided in Myanmar illegally were identified, investigated, arrested, and detained to date, along with the seizure of 3,098 computers, 21,750 mobile phones, 102 Starlink dishes, 22 routers, and numerous business-related items used for committing online fraud and gambling, and that these seized items were systematically destroyed and cleared, with clearance operations set to continue.

The illegal foreign nationals identified and detained are being held in a fenced compound

See Page - 19

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အပြာရောင်မျက်လုံးပိုင်ရှင် ဥရောပရဲ့ လျှို့ဝှက်ရတနာ - ဘယ်လာရုစ်

ဥရောပဒေသရဲ့ခရီးသွားမြေပုံပေါ်မှာ လူသိနည်းနေသေးပေမယ့် တကယ်တမ်းခြေချကြည့်လိုက်တဲ့အခါ မမျှော်လင့်ထားတဲ့ အလှတရားတွေနဲ့ ဆီးကြိုနေမယ့် နိုင်ငံတစ်နိုင်ငံရှိပါတယ်။ အဲဒါကတော့ "ဥရောပရဲ့ အဆုတ်" လို့ တင်စားခံရပြီး သန့်ရှင်းစိမ်းလန်းတဲ့ သဘာဝတရား၊ ခမ်းနားထည်ဝါတဲ့ ရဲတိုက်ကြီးတွေနဲ့ ဖော်ရွေပျူငှာတဲ့ ဒေသခံတွေရှိရာ "ဘယ်လာရုစ်နိုင်ငံ" ပဲ ဖြစ်ပါတယ်။



ဥရောပအရှေ့ပိုင်းမှာတည်ရှိပြီး ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော်လည်း ဘယ်လာရုစ်ဟာ ရေကန်ပေါင်း ၁၁၀၀၀ ကျော်နဲ့ မြစ်ချောင်းပေါင်း ၂၀၀၀၀ ကျော် စီးဆင်းနေတာကြောင့် "အပြာရောင်မျက်လုံးပိုင်ရှင်နိုင်ငံ" (The Blue-Eyed Country) လို့ တင်စားခေါ်ဝေါ်ကြပါတယ်။ ဆူညံပွက်လောရိုက်နေတဲ့ ဒီကမ္ဘာကြီးထဲမှာ အေးချမ်းဆိတ်ငြိမ်မှုကို ရှာဖွေနေကြသူတွေအတွက် ဘယ်လာရုစ်နိုင်ငံက အကောင်းဆုံး ခိုနားရာတစ်ခုပါပဲ။

ဘယ်လာရုစ်နိုင်ငံကိုရောက်တာနဲ့ ပထမဆုံး သတိထားမိမယ့်အရာက သန့်ရှင်းသပ်ရပ်မှုနဲ့အတူ ခေတ်ဟောင်းအငွေ့အသက်တွေ ဖုံးလွှမ်းရာနေရာတစ်ခုဖြစ်တဲ့ မင့်(စ်)မြို့ပါပဲ။ ဘယ်လာရုစ်နိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ သန့်ရှင်းသပ်ရပ်မှုရှိပြီး လမ်းမကျယ်ကြီးတွေ၊ စနစ်ကျတဲ့ ပန်းခြံကြီးတွေနဲ့ ဆိုဗီယက်ခေတ် ဗိသုကာလက်ရာတွေက ခေတ်မီအဆောက်အအုံတွေနဲ့အတူ ယှဉ်တွဲနေတာဖြစ်ပါတယ်။

မင့်(စ်)မြို့ရဲ့မြို့လယ်ကောင်က အဓိကလမ်းမကြီးဖြစ်ပြီး ဥရောပရဲ့အရှည်လျားဆုံးလမ်းမတွေထဲမှာ ပါဝင်ပါတယ်။ လမ်းမကြီးတစ်လျှောက်ကို လျှောက်လှမ်းကြည့်ရင် ခမ်းနားလှပတဲ့ ဂန္ထဝင်အဆောက်အအုံတွေကို ငေးမောနိုင်မှာပါ။

စိန်တုံးပုံစံနဲ့တည်ဆောက်ထားတဲ့ အမျိုးသားစာကြည့်တိုက်ကြီးက မင့်(စ်)မြို့ရဲ့ သင်္ကေတတစ်ခုဖြစ်ပါတယ်။ ညဘက်မှာဆိုရင် မီးရောင်စုံတွေနဲ့ ထိန်ထိန်လင်းနေပြီး အပေါ်ဆုံးထပ်ကနေကြည့်ရင် တစ်မြို့လုံးရဲ့ ရှုခင်းကို ပသာဒဖြစ်ဖွယ်ရာ တွေ့မြင်နိုင်ပါတယ်။

မြစ်ကမ်းဘေးမှာရှိတဲ့ ရောင်စုံအိမ်လေးတွေနဲ့ ရှေးဟောင်းရပ်ကွက်လေးကတော့ ဓာတ်ပုံရိုက်ဖို့ အကောင်းဆုံးနေရာပါပဲ။ ကော်ဖီဆိုင်လေးတွေ၊ အနုပညာပြခန်းလေးတွေနဲ့ပြည့်နှက်နေပြီး ၁၉ ရာစု အငွေ့အသက်ကို ခံစားရစေပါတယ်။ နေရာကတော့ Trinity Suburb ဖြစ်ပါတယ်။

ဘယ်လာရုစ်နိုင်ငံကိုရောက်ရင် မသွားမဖြစ် သွားရမယ့်နေရာကတော့ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရဲတိုက်ကြီးနှစ်ခုဖြစ်ပါတယ်။ အဲဒီရဲတိုက်ကြီးတွေက နတ်သမီးပုံပြင်ဆန်တဲ့ ရဲတိုက်ကြီးများလို့ပြောရင်လည်းမမှားပါဘူး။

ရဲတိုက်နှစ်ခုအနက်တစ်ခုက မီယာရဲတိုက်ဖြစ်ပါတယ်။ ၁၆ ရာစုကတည်းက တည်ဆောက်ခဲ့တဲ့ ရဲတိုက်ကြီးဖြစ်ပြီး ဂေါသစ်၊ ဘာရော့နဲ့ ရီနေးဆွန်း ဗိသုကာလက်ရာတွေ ပေါင်းစပ်ထားပါတယ်။ ရဲတိုက်ရဲ့ရှေ့ကရေကန်ထဲမှာ ရဲတိုက်ပုံရိပ်ထင်ဟပ်နေတာက ပန်းချီကားတစ်ချပ်သဖွယ် လှပလှပါတယ်။

နောက်ထပ်ရဲတိုက်တစ်ခုက နက်စဗီရဲတိုက်ဖြစ်ပါတယ်။ ဥရောပရဲ့ အလှဆုံးနန်းတော်တွေထဲက တစ်ခုလည်းဖြစ်ပါတယ်။ ဒီရဲတိုက်ကြီးက ရတ်ဇီဝေးမိသားစုရဲ့နေအိမ်ဖြစ်ခဲ့ပြီး အတွင်းပိုင်းအပြင်အဆင်တွေက ရွှေရောင်ဝင်းလက်ကာ အင်မတန်ခမ်းနားပါတယ်။ ရဲတိုက်ပတ်လည်က ဥယျာဉ်ကြီးထဲမှာ လမ်းလျှောက်ရင်း ရှေးခေတ်မင်းညီမင်းသားတွေရဲ့ ဘဝကို စိတ်ကူးယဉ်ကြည့်နိုင်ပါတယ်။

ဥရောပရဲ့ ရှေးအကျဆုံးသစ်တောကြီးဖြစ်တဲ့ Belovezhskaya Pushcha က သဘာဝကြီးကို ချစ်ခင်မြတ်နိုးသူတွေအတွက် တကယ့်ကိုသုခဘုံပါပဲ။ ဒီသစ်တောကြီးဟာ ဥရောပရဲ့ရှေးအကျဆုံးနဲ့ အကြီးဆုံးသော သစ်တောကြီးတစ်ခုဖြစ်ပါတယ်။ ဒီတောအုပ်ထဲမှာ ဥရောပကျွဲရိုင်းလို့ခေါ်တဲ့ တိရစ္ဆာန်တွေကို သဘာဝအတိုင်း တွေ့မြင်နိုင်ပါသေးတယ်။ ဒါ့အပြင် စက်ဘီးစီးတာ၊ တောတွင်းလမ်းလျှောက်တာတွေပြုလုပ်နိုင်ပြီး ဆောင်းရာသီမှာဆိုရင်တော့ နှင်းမှုန်ဖွေးဖွေးကြားမှာ သစ်တောအလှကိုခံစားရင်း "Father Frost" (ဘယ်လာရုစ် စန်တာကလော့) ရဲ့ အိမ်တော်ကို သွားရောက်လည်ပတ်နိုင်ပါတယ်။

ရိုးရာအစားအစာနဲ့ ဧည့်ဝတ်ကျေပွန်မှုအကြောင်းပြောရရင် ဘယ်လာရုစ်နိုင်ငံသားတွေက အာလူးကို အင်မတန်နှစ်သက်ကြပါတယ်။ သူတို့ဆီမှာ အာလူးနဲ့လုပ်တဲ့ ဟင်းလျာအမျိုးပေါင်း ၃၀၀ ကျော် ရှိတယ်လို့ဆိုပါတယ်။ အာလူးကိုအခြေခံတဲ့ အထင်ရှားဆုံးဟင်းလျာတချို့ကတော့ Draniki လို့ခေါ်တဲ့ အာလူးကို ခြစ်ပြီးကြော်ထားတဲ့ အာလူးကပ်ကြော်ဖြစ်ပါတယ်။ နောက်တစ်ခုက Machanka လို့ခေါ်တဲ့ ဝက်သား၊ ဝက်အူချောင်းတို့ကို အနှစ်နဲ့ချက်ပြီး ပန်ကိတ်နဲ့ တို့စားရတဲ့ဟင်းလျာဖြစ်ပါတယ်။

ဒေသခံတွေဟာ နိုင်ငံခြားသားတွေအပေါ်မှာ အလွန်ဖော်ရွေပြီး ကူညီတတ်ကြပါတယ်။ ဘာသာစကားအခက်အခဲရှိနိုင်ပေမယ့် သူတို့ရဲ့နွေးထွေးတဲ့ အပြုံးတွေကြောင့်ပဲ စိတ်လုံခြုံမှုကိုရရှိစေမှာဖြစ်ပါတယ်။

ပဲရစ်တို့ ရောမတို့က ကမ္ဘာလှည့်ခရီးသွားတွေနဲ့ ပြည့်ကျပ်နေတဲ့နေရာတွေဖြစ်တာကြောင့် စိတ်ရှုပ်ရတာမျိုးတွေရှိတတ်ပါတယ်။ ဒါပေမဲ့ ဘယ်လာရုစ်ကတော့ ဒီလိုစိတ်ရှုပ်စရာတွေနဲ့ကင်းဝေးပြီး ခရီးသွားတွေနဲ့ ကျပ်ညပ်မနေဘဲ အေးအေးလူလူ လည်ပတ်နိုင်ပါတယ်။ ကုန်ကျစရိတ်ကလည်း ဥရောပရဲ့ တခြားနိုင်ငံတွေနဲ့ယှဉ်ရင် နေစရိတ်၊ စားစရိတ်မှာ အများကြီးသက်သာပါတယ်။ လုံခြုံမှုရှိရဲ့လားလို့ဆိုလာရင်လည်း ဘယ်လာရုစ်နိုင်ငံဟာ ကမ္ဘာ့အလုံခြုံဆုံးနိုင်ငံများစာရင်းထဲမှာပါဝင်လေ့ရှိပြီး ညဘက်တွေမှာ လမ်းလျှောက်ထွက်ရင်တောင် အလွန်စိတ်ချရတဲ့ အနေအထားရှိပါတယ်။

ဘယ်လာရုစ်ဆိုတာ သတင်းခေါင်းစဉ်တွေထဲမှာ တွေ့ရတာထက် ပိုမိုနက်ရှိုင်းတဲ့ အလှတရားတွေ ရှိနေတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ သဘာဝတရားနဲ့ ရိုးသားအေးဆေးတဲ့ လူနေမှုဘဝကို မြတ်နိုးသူတွေအတွက်ဆိုရင်တော့ ဘယ်လာရုစ်နိုင်ငံဟာ မဖြစ်မနေသွားရောက်လည်ပတ်သင့်တဲ့ "လျှို့ဝှက်ရတနာ" ကြီးတစ်ခုဖြစ်ကြောင်း ညွှန်းဆိုလိုက်ရပါတယ်။

**ထက်မြတ်**

# ဟောင်ကောင်ရှိ အထပ်မြင့်လူနေအိမ်ရာတစ်ခု၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား သေဆုံးသူ ၁၃ ဦးရှိ



**ဟောင်ကောင်၊ မတော်တဆမှု**

ဟောင်ကောင်ရှိ အထပ်မြင့်လူနေအိမ်ရာတစ်ခု၌ နိုဝင်ဘာလ ၂၆ ရက်တွင် မီးအကြီးအကျယ်လောင်ကျွမ်းမှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၁၃ ဦးသေဆုံးပြီး လူများစွာပိတ်မိနေကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးကပြောသည်။

ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်သည့်မီးသတ်တပ်ဖွဲ့အနေဖြင့် ထိခိုက်သူ ၂၈ ဦးကိုတွေ့ရှိကြောင်း၊ ၎င်းတို့အနက် ကိုးဦးမှာ အခင်းဖြစ်နေရာတွင်ပင်သေဆုံးနေသူများဖြစ်ကြောင်းနှင့် ဆေးရုံရောက်ပြီးမှသေဆုံးသူ လေးဦးရှိကြောင်း မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူ ချို့ဝင်းယင်က ညပိုင်းတွင်လုပ်ဆောင်သည့် သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

မီးလောင်မှုဖြစ်ပွားသည့်နေရာသည် ဟောင်ကောင်မြောက်ပိုင်း တိုင်ပိုနယ်မြေရှိ Wang Fuk Court လူနေအိမ်ရာ၌ဖြစ်ပြီး ယင်းအိမ်ရာရှိ အထပ်မြင့်တိုက်များစွာ မီးလောင်ခြင်းဖြစ်သည်။

ယင်းအိမ်ရာ၌ ၃၁ ထပ်ရှိ အထပ်မြင့်တိုက်ပေါင်းရှစ်လုံးပါဝင်ကာ လူနေတိုက်ခန်းပေါင်း ၂၀၀၀ ပါဝင်သည်။ ထို့ကြောင့် ယင်းတိုက်ခန်းများအတွင်း ပိတ်မိနေနိုင်သူအရေအတွက်အတိအကျကို မထုတ်ပြန်နိုင်သေးကြောင်း မီးသတ်တပ်ဖွဲ့ကပြောသည်။

ထိုအိမ်ရာကို ပြန်လည်ပြုပြင်မွမ်းမံမှုများလုပ်ဆောင်နေစဉ်ယခုကဲ့သို့ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုပြင်မွမ်းမံမှုများလုပ်ဆောင်နေစဉ် အသုံးပြုသည့်ငြမ်းများမှာ ဝါးငြမ်းများဖြစ်သောကြောင့် မီးလောင်မှုကိုပိုဆိုးစေခြင်းဖြစ်ကြောင်း၊ မီးလောင်မှုသည် ညနေ ၃ နာရီခန့်တွင်ဖြစ်ပွားသော်လည်း ည ၆ နာရီနောက်ပိုင်းတွင် အမြင့်ဆုံးအဆင့်အဖြစ်သတ်မှတ်လိုက်ရကြောင်း၊ မီးလောင်မှုဖြစ်ပွားသည့် Wang Fuk Court လူနေအိမ်ရာသည် ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံးသောအိမ်ရာဖြစ်ကြောင်းသိရသည်။

**Ref: ST**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲလျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲလျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် တောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် ထောပတ်ပဲ ၈၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၉၅၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၈၂၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧက ၉၅၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို ပန်းတိုင်အထွက်နှုန်းရရှိအောင် မြေမှန်၊ မျိုးမှန် စနစ်တကျစိုက်ပျိုးကြဖို့၊ သွင်းအားစုပစ္စည်းတွေ ဂရုတစိုက်သုံးစွဲကြဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းတာတွေကို ကြိုတင်ဆောင်ရွက်ကြဖို့ စတဲ့တောင်သူ အသိပညာပေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ထောပတ်ပဲစိုက်တောင်သူများကို အပင်များ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါကင်းရှင်းရေးနည်းပညာပေးခြင်းတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံသာမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြိတ်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း



မြိတ် နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ်ထုတ်လုပ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စားသောက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတတိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၂၅ ရက်က မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ယင်းသင်တန်းဆင်းပွဲတွင် မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါခိုင်က သင်တန်းဆင်းလက်မှတ်နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းက သင်တန်းမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများပြုလုပ်ထားသည့် ထုတ်ကုန်များကို ကြည့်ရှုအားပေးကြသည်။ သင်တန်းတွင် အစားအစာများ တာရှည်ခံပြုပြင်ထုတ်လုပ်နည်း၊ အစားအသောက်ထုပ်ပိုးနည်း၊ အစားအစာသန့်ရှင်းစင်ကြယ်ရေးစီမံမှုနည်းစနစ်များ၊ ယိုအမျိုးမျိုး၊ သစ်သီးဖျော်ရည်စစ်စစ်၊ သစ်သီးဂျယ်လီ၊ သစ်သီးဝိုင်၊ သီးနှံအကြော်အလှော်များ စုစုပေါင်းဘာသာရပ် ၁၅ မျိုးကို သင်တန်းနည်းပြနှစ်ဦးက စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို နိုဝင်ဘာလ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ခဲ့ကာ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# မိုးကောင်းမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

မိုးကောင်း နိုဝင်ဘာ ၂၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာလ ၂၅ ရက်က ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟဇော်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးမျိုးဝင်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် တာဝန်ရှိသူများက အသိပညာပေးပြခန်းများနှင့် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက လက်ခံရယူသည်။ ထို့နောက် အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားတွင် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ချမ်းမြေ့**



# ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၆၇၈၆ ဦးအတွက် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှစ်ခု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတည်ပြုပေး



ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၆၇၈၆ ဦးအတွက် ဖန်တီးပေးနိုင်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ယနေ့တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ ၎င်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုတို့ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့်အရည်အသွေးမြင့် Poly Resin Ornaments, Christmas Ornaments, Home Decorations, Ceramic, Porcelain Figurines and Cold Cast Bronze Ornaments and Collectibles အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် နားကြပ်နှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပလတ်စတစ်အိတ် အမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတို့ပါဝင်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၀၈ သန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်မည့်လုပ်ငန်း သုံးခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၈ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဝန်းရံ**

# မုဒုံမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်



မုဒုံ နိုဝင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

သင်တန်းတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ် တာဝန်ခံ ဦးကိုကိုလွင်က ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများ၊ ရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်အချိန်ကာလ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်အကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးတို့၏ တာဝန်နှင့်ဝတ္တရားများအကြောင်းအရာကို ရှင်းလင်းပြောကြား၍ သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ လေးဦးနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲရုံဖြည့်သွင်းရမည့်ပုံစံများ၊ မဲရုံပုံစံခင်းကျင်း၍ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး မဲရုံမှူး ၁၀၀ ဦး၊ ဒုတိယမဲရုံမှူး ၁၀၀ ဦးတက်ရောက်ကြောင်း သိရသည်။ **ရာမည (ပြန်/ဆက်)**

# နွားထိုးကြီးမြို့၌ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်



နွားထိုးကြီး နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့တွင် နိုဝင်ဘာလ ၇ ရက်မှ စတင်၍ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။


နွားထိုးကြီးမြို့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်မှစ၍ နယ်မြေဒေသအခြေအနေ မတည်ငြိမ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအပ ကျန်ဌာနဆိုင်ရာရုံးများမှာဖွင့်လှစ်နိုင်ခြင်းမရှိဘဲ အခြားမြို့များသို့ သက်ဆိုင်ရာဌာနအလိုက် တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ကြရသည်။

ယခုအခါ နွားထိုးကြီးမြို့၏ နယ်မြေဒေသအခြေအနေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် နိုဝင်ဘာလ ၇ ရက်မှ စတင်၍ ဌာနဆိုင်ရာရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ ၃၂ ရုံးမှ အရာထမ်း ၃၄ ဦး၊ အမှုထမ်း ၃၃၈ ဦးတို့ဖြင့် တာဝန်ထမ်းဆောင်နေကာ အခြေခံပညာကျောင်း ၁၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ နွားထိုးကြီးမြို့ပေါ် ရပ်ကွက်များမှ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စု ၉၇၇ စု၊ လူဦးရေ ၂၂၈၄ ဦး ပြည်သူများ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရသည်။

နွားထိုးကြီးမြို့ သန့်ရှင်းသာယာလှပရေးအတွက် တပ်မတော် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များရှိစားသောက်ကုန်လုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းဆိုင်များ ပြန်လည်ဖွင့်လှစ်ခြင်း၊ ခရီးသွားယာဉ်လိုင်းများမှာလည်း နေ့စဉ်ပုံမှန်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇°C | / | ၃၁°C |
| ရန်ကုန် | ၁၉°C | / | ၃၁°C |
| မန္တလေး | ၁၈°C | / | ၃၁°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအမျိုးသား/အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအမျိုးသား/အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် ထားဝယ်မြို့ ရွှေဝယ်သီရိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာဗိုလ်လုပွဲသို့တက်ရောက်လာသည့် အမျိုးသား/အမျိုးသမီးများ၏ ကီလိုတန်းအလိုက် အကြိတ်အနယ် လက်ဝှေ့ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ်



ဦးအုန်းသန်းက ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြုဆုချီးမြှင့်ပြီး အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသည့်မြိတ်မြို့နယ်မှ မပန်းဆုပြည့်နှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် ထားဝယ်မြို့နယ်မှ မောင်လွင်မျိုးသန့်တို့ကို ဆုများပေးအပ်ချီးမြှင့်ကာတိုင်းဒေသကြီးလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌဦးအောင်နိုင်က ဂုဏ်ပြုဆုငွေ နှစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက ၄၀ ကီလိုတန်းအမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယ ဆုရရှိကြသူများ၊ ၅၂ ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိသူများ၊ ၅၆ ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများ၊ ၄၈ ကီလိုတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများ၊ ၅၁ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို တစ်ဦးချင်းဆု နှင့်ငွေသားဆုများပေးအပ်ချီးမြှင့်ပြီးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက ၅၇ ကီလိုတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ ၊ တတိယဆုရရှိသူများကို တစ်ဦးချင်းဆုနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေတစ်ခုရရှိသည့် ထားဝယ်မြို့နယ်နှင့် အမျိုးသမီးပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု ၊ ကြေးတစ်ခုရရှိသည့် မြိတ်မြို့နယ် တို့ကို တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌဦးအောင်နိုင်က ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းစီပေးအပ် ချီးမြှင့် ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)၏ အထူးနေ့လယ်စာစားပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

မော်လမြိုင် နိုဝင်ဘာ ၂၆

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် မသန်စွမ်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ ကျင်းပသည်။


ဆုပေးပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား ဒူးအောက်တစ်ဖက် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား ဝှီးချဲမီတာ ၁၀၀ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့်ပြိုင်ပွဲဝင် အားကစားသမားများကို ဆုများပေးအပ်ချီးမြှင့်ကာ မသန်စွမ်းဆုရအားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံအားပေးနှုတ်ဆက်သည်။

ထို့ပြင် မွန်ပြည်နယ်အနေဖြင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်၍ ပြည်နယ်အတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) မှ သင်တန်းသား ၊သင်တန်းသူများကို မိသားစုသဖွယ် ချစ်ခင်လေးစားဂုဏ်ပြုသောအားဖြင့် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)၏ အထူးနေ့လယ်စာစားပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ အားကစားနှင့်ကာယ ပညာသိပ္ပံ(မော်လမြိုင်)၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လှူဒါန်းငွေများပေးအပ်မှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းသား၊ သင်တန်းသူများနှင့် အတူနေ့လယ်စာကို ချစ်ကြည်ရင်းနှီးစွာ အတူတကွသုံးဆောင်ကာ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။**ပြည်နယ်(ပြန်/ဆက်)**





**❒ ကျောဖုံးမှအဆက်**

ကမ်းခြေဒေသများကို စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ”သည် မြန်မာနိုင်ငံ ကော့သောင်းမြို့ (Kawthaung)၏တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့် မလေးရှားနိုင်ငံပီနန်မြို့ (Penang)၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၁၅၅ မိုင်ခန့်၊ အင်ဒိုနီးရှားနိုင်ငံ ကူတာမတ်ကွာမြို့ (Kuta Makmur)၏အရှေ့ဘက်ရေမိုင် ၄၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ကားနီကိုးဘားမြို့ (Car Nicobar) ၏ အရှေ့တောင်ဘက် ရေမိုင် ၃၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း“ဆန်ယာ”၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ” သည် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၄ ဒသမ ၉ ဒီဂရီနှင့်အရှေ့လောင်ဂျီကျူ ၉၇ ဒသမ ၈ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင်၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ” သည်၂၇-၁၁-၂၀၂၅ရက်နေ့နံနက်ပိုင်းအထိ အနောက်-အနောက်တောင်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်ပြီး ထိုမှတစ်ဆင့် အရှေ့ဘက်သို့ပြန်ကွေ့ကာ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**


အဆိုပါဆိုင်ကလုန်းမုန်တိုင်း“ဆန်ယာ”၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ”၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်





နေပြည်တော် နိုဝင်ဘာ ၂၆

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံအရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်(Depression) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**(မိုး/ဇလ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပမာဏ ကျပ်သိန်းနှစ်ရာနှင့်အထက် ထုတ်ယူထားသည့် ကုမ္ပဏီ၊လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံး ပြန်လည်ကောက်ခံရရှိရေး ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပမာဏ ကျပ်သိန်းနှစ်ရာနှင့်အထက် ထုတ်ယူထားသည့် ကုမ္ပဏီ၊လုပ်ငန်းရှင်များထံမှ ချေးငွေအမြန်ဆုံး ပြန်လည်ကောက်ခံရရှိရေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက ချေးငွေအမြန်ဆုံးပြန်လည်ပေးဆပ်နိုင်ရေးနှင့် ချေးငွေထုတ်ယူထားသောလုပ်ငန်းရှင်များက အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများကပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလားတူ ၂၀၂၅ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆု ဖလားများဖြင့် ပထမအဆင့်ရရှိအောင် စွမ်းဆောင်ခဲ့ကြသော အောင်ပွဲရအားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပရာ အမျိုးသားတံခွန်စိုက်၊ အမျိုးသမီးတံခွန်စိုက်နှင့် စုပေါင်းတံခွန်စိုက်ဆုများ ရရှိကြသည့် အောင်ပွဲရအားကစားအဖွဲ့များက ဆုဖလားများကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းအပ်နှံသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုရအားကစားအဖွဲ့များ၊ အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ညပိုင်းတွင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် နိုဝင်ဘာ ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ **၁၇ ရက်မှ ၂၃ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၄ ဒသမ ၁၁၉၂ ) တန်၊ သစ်မာ (၆ ဒသမ ၅၅၉၂) တန်၊ အခြား (၃၇ ဒသမ ၇၉၇၄ ) တန်၊ စုစုပေါင်း (၅၈ ဒသမ ၄၇၅၈ ) တန်၊ ယာဉ်/ယန္တရား (၈)စီး၊ တရားခံ (၁၄ )ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၈ ရက်**တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၃၃၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၂ ရက်**တွင် ဘားအံမြို့နယ်၊ ဝဲကြီးကျေးရွာ၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(၂၉၄) ဂါလန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၅၁၀၅)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်** တို့တွင်



လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Crown 2012 Model)

အကောက်ခွန် ဦးစီးဌာနမှ ဖမ်းဆီး ရမိမှု။

ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ သာယာဝတီမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၃၃၀)တန်၊ သစ်မာ (၅ ဒသမ ၉၄၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၆၆၅၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၂ ရက်**တွင် ဘီးလင်းမြို့နယ်၊ အနှိုင်းပွန်ကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **နိုဝင်ဘာလ ၂၃ ရက်**တွင် မော်လမြိုင်မြို့နယ်၊ ရွာသစ်ကျေးရွာ၊ ရွာသစ်လမ်း၊ အကွက်(၇)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၉၀၀၀၀)နှင့် ဘီးလင်းမြို့နယ်၊ ဘီးလင်းသကြားစက်အနီး၌ မော်တော်ယာဉ် (၆)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း(၂၃) မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၁၁၅၀၀) တို့ကို အမြန်စီမံခန့်ခွဲရန် လိုအပ်သောကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်အား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈ ၉၁၁၅၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၀ ရက်**တွင် ဝေါမြို့နယ်၊ ညောင်ခါးရှည်ရှောင်ကွင်းလမ်းအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃၆၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၂၃ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၈)မျိုး၊ စားသောက်ကုန်ပစ္စည်း (၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၅၄၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး၊ Hyundai Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့နယ်၌ ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၅၆၈၄၁၆) ကိုလည်းကောင်း၊ ပဲခူးမြို့ရှောင်လမ်း၊ ကလိစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo Mini Bus (၁)စီး၊ Nissan Caravan (၁)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၃၄၀၅၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၉၈၂၄၆၆)** ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

**နိုဝင်ဘာလ ၁၈ ရက်၊ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၆၇၁၉၆၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# ကြံခင်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်မားလာစေရေး လူငယ်စကားဝိုင်းကျင်းပ



ကြံခင်း နိုဝင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆုံလဲကျေးရွာအုပ်စု ဆိပ်သာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ဆိပ်သာ)၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်မားလာစေရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာလ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ဆိပ်သာ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကိုပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade- 9 မှ မနှင်းလွဲလွဲမောင်က လူငယ်နှင့်စာရိတ္တ၊ မောင်းလင်းထက်ကျော်ဇင်က လူငယ်နှင့် AI၊ Grade-11 မှ မငြိမ်းစုစုသင်းက လူငယ်နှင့်စာကြည့်တိုက်၊ မောင်ဇော်ထက်အောင်က လူငယ်နှင့်အတွေ့အကြုံခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် လူငယ်စကားဝိုင်းတွင်ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးချက်များအပေါ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာက သုံးသပ်ဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ကဏ္ဍအလိုက်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြားကာ စကားဝိုင်းတွင်ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ အသီးသီးချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ/ရသစာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မီးခိုးမြူငွေ့အန္တရာယ်တို့ကာကွယ် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# သရက်ချောင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

သရက်ချောင်း နိုဝင်ဘာ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သရက်ချောင်း)၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနတာဝန်ခံတောအုပ် ဦးသက်နိုင်ဦးက ကျောင်းသား၊ ကျောင်းသူများအား သစ်တောသစ်ပင်ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်းအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံတောအုပ် ဦးသက်နိုင်ဦးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် သရက်ချောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေမျိုးဆေးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်တောမီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းမြတ်ထက်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို Video Clip ဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာဖတ်ရှိန်မြှင့်မားလာစေရန်ရည်ရွယ်၍ စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

ယင်းနောက် သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာန တာဝန်ခံတောအုပ် ဦးသက်နိုင်ဦးက ကျောင်းစာကြည့်တိုက်အတွက် သစ်တောဂျာနယ်များနှင့် ကျောင်းစိမ်းလန်းစိုပြည်ရေးအတွက် ရန်ပုံငွေများပေးအပ်လှူဒါန်းရာ အခြေခံပညာအထက်တန်းကျောင်း(သရက်ချောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာမာကြူက လက်ခံရယူကြောင်း သိရသည်။ မြင့်ဦး(မြိတ်)

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဟောပြောခြင်း မဲပေးစက်အကြောင်း ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

ကြို့ပင်ကောက် နိုဝင်ဘာ ၂၆



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရှိ ဒေသခံပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် အသိပညာပေးဟောပြောခြင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အကြောင်း အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာလ ၂၆ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မဲပေးသရုပ်ပြပွဲ အဖွဲ့ခေါင်းဆောင်က ရွေးကောက်ပွဲဆိုင်ရာအသိပညာဗဟုသုတများကိုပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို အသိပညာပေးပြောကြားကာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေးပြီး မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည့် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြကြသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်း အဖွဲ့ရှစ်ဖွဲ့ခွဲကာ အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ဇေယျာထွန်း(ပြန်ဆက်)

# မြန်အောင်မြို့နယ်၌ ဒေသထွက်ဖရဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



မြန်အောင် နိုဝင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေသထွက်ဖရဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးမူ၏ပြောဆိုချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ ယခုနှစ် နိုဝင်ဘာလတတိယပတ်မှ လက်ရှိအချိန်ထိ ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖရဲသီးများကို ဒေသတွင်းအပြင် ပုသိမ်၊ ရန်ကုန် စသည့်ဒေသများကပါ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဖရဲသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသတွင်းဈေးကွက်အပြင် တခြားဒေသတွေကပါ ဝယ်လိုအားကောင်းနေတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ဖရဲသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းတော့ စိုက်ပျိုးသူတွေ အဆင်ပြေလာကြပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ ကုန်စည်သယ်ယူရတဲ့တန်ဆာခတွေ ကုန်ကျမှု လျော့နည်းလာပါတယ်" ဟု ဒေါ်အေးမူကပြောသည်။

မြန်အောင်မြို့နယ်၌ ဖရဲသီးကို မြေနုကျွန်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှ ဒေသခံတောင်သူ ၁၀၄ ဦးက တစ်ဦးလျှင် တစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးထားကြောင်း သိရသည်။ သုတကျော်

# အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး မည်သည့်အသင်းနှင့်မှဆက်သွယ်မှုမရှိကြောင်း တိုက်စစ်မှူးဟယ်ရီကိန်းပြောကြား



ဘာလင် နိုဝင်ဘာ ၂၆

ဘိုင်ယန်မြူးနစ်အသင်း အဓိကတိုက်စစ်မှူး ဟယ်ရီကိန်းက မိမိ၏အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး အလျင်စလိုဆုံးဖြတ်မည်မဟုတ်ဘဲ မည်သည့်အသင်းနှင့်မှ ဆက်သွယ်မှုမရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဘာစီလိုနာအသင်းအနေဖြင့် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲမည့် လီဝန်ဒေါစကီး၏နေရာ၌ ဟယ်ရီကိန်းနှင့် အစားထိုးရန်ပြင်ဆင်နေပြီး ဟယ်ရီကိန်းနှင့်ဆွေးနွေးမှုများပင် လုပ်ဆောင်လျက်ရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့လိုကြောင်း သတင်းများလည်း ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ်က စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၂၃ ပွဲကစားပြီးချိန်တွင် ၂၇ ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှုလေးကြိမ်ပြုလုပ်ထားကာ ဥရောပထိပ်တန်းလိဂ်များတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဦးဆောင်လျက်ရှိသူဖြစ်သည်။

ဟယ်ရီကိန်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ စာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးသော်လည်း စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့စဉ်ကတည်းက ၂၀၂၆ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကစားလိုသည့်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၅ သန်းဖြင့် ပြောင်းရွှေ့နိုင်သည်ဟု ပါရှိထားသည့်အတွက် ဟယ်ရီကိန်းအနေဖြင့် ၂၀၂၆ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပါးသည့်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာခွင့်ရရှိထားခြင်းဖြစ်သည်။

ဟယ်ရီကိန်းက "ကျွန်တော့်ရဲ့အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး အလျင်စလိုဆုံးဖြတ်မှာမဟုတ်ပါဘူး။ ကျွန်တော် ဘယ်အသင်းနဲ့မှလည်း ဆက်သွယ်မှုမရှိပါဘူး။ လက်ရှိအချိန်မှာ စာချုပ်သစ်အတွက် ဘိုင်ယန်မြူးနစ်အသင်းနဲ့ မဆွေးနွေးရသေးဘူး ဆိုပေမယ့် အဆင်ပြေပါတယ်။ ကျွန်တော် ဘိုင်ယန်မြူးနစ်အသင်းမှာ တကယ်ပျော်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ *Ref;Bild*

# အာဆင်နယ်အသင်း၏ အနီကတ်ပြစ်ဒဏ်စံချိန်ကို အဲဗာတန်အသင်းလိုက်မီရန်နီးစပ်

လန်ဒန် နိုဝင်ဘာ ၂၆

အဲဗာတန်အသင်းကွင်းလယ်ကစားသမား ဂူယီသည် မန်ယူအသင်းနှင့်ကစားသည့်ပွဲစဉ်တွင် အနီကတ်ပြသခံခဲ့ရသည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အာဆင်နယ်အသင်း၏အနီကတ်ပြစ်ဒဏ်စံချိန်ကို လိုက်မီရန်နီးစပ်လျက်ရှိကြောင်း သိရသည်။

အဲဗာတန်အသင်းသည် မန်ယူအသင်းနှင့်ပွဲစဉ်တွင် အနီကတ်တစ်ကြိမ်ပြသခံရသည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အနီကတ်အကြိမ်ရေ ၁၁၀ အထိရှိလာပြီးနောက် အာဆင်နယ်အသင်း၏ အနီကတ်အကြိမ်ရေကိုလိုက်မီနိုင်ရန် နှစ်ကြိမ်သာလိုတော့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် အနီကတ်အကြိမ်ရေအများဆုံးအသင်းအဖြစ် အာဆင်နယ်အသင်းက ၁၁၂ ကြိမ်ဖြင့် ထိပ်ဆုံး၌ရှိနေပြီး အာဆင်နယ်အသင်းနောက်တွင် အဲဗာတန်အသင်းက အကြိမ် ၁၁၀၊ နယူးကာဆယ်အသင်းက ၉၅ ကြိမ်၊ ချယ်လ်ဆီးအသင်းက ၉၅ ကြိမ်၊ ဝက်စ်ဟမ်းအသင်းက ၈၇ ကြိမ်၊ ဘလက်ဘန်းအသင်းက ၇၈ ကြိမ်၊ မန်စီးတီးအသင်းက ၇၈ ကြိမ်၊ စပါးအသင်းက ၇၈ ကြိမ်၊ မန်ယူအသင်းက ၇၆ ကြိမ်နှင့် အက်စ်တွန်ဗီလာအသင်းက ၇၁ ကြိမ်ဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။ *Ref;GiveMeSports*

# တစ်ပွဲပယ်ပြစ်ဒဏ်သာချမှတ်ခံရသည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် စီရော်နယ်ဒိုပါဝင်နိုင်မည်

လစ္စဘွန်း နိုဝင်ဘာ ၂၆

ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် အိုင်ယာလန်အသင်းနှင့်ပွဲစဉ်တွင်ပြသခံရသည့် အနီကတ်ပြစ်ဒဏ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)က တစ်ပွဲပယ်ပြစ်ဒဏ်သာ ချမှတ်ခဲ့သောကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ(ဥရောပဇုန်)အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သော ပေါ်တူဂီအသင်းက အိုင်ယာလန်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်တွင် စီရော်နယ်ဒိုသည် ပြိုင်ဘက်အသင်းကစားသမားကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည့်အတွက် တိုက်ရိုက်အနီကတ်ပြသခံရခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အိုင်ယာလန်အသင်းနှင့်ပွဲစဉ်တွင် ပြသခံရသည့် အနီကတ်ပြစ်ဒဏ်ကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် အာမေးနီးယားအသင်းပွဲစဉ်ကို လွဲချော်ခဲ့ရသည်။

အစောပိုင်းက အသင်းခေါင်းဆောင် စီရော်နယ်ဒိုအနေဖြင့် အနည်းဆုံးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဆိုပါက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်ကိုလည်းကောင်း၊ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဆိုပါက အုပ်စုပွဲစဉ်နှစ်ပွဲကိုလည်းကောင်း လွဲချော်မည်ဖြစ်သော်လည်း ယခုအခါ တစ်ပွဲပယ်ပြစ်ဒဏ်သာချမှတ်ခံရသည့်အတွက် ပြီးခဲ့သည့် အာမေးနီးယားအသင်းနှင့်ပွဲစဉ်ကို လွဲချော်ထား၍ ပြစ်ဒဏ်ပြည့်မြောက်ခဲ့သောကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်မှစတင်ပြီး ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;One Football*



# ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ကိုမိုအသင်းမှ နီကိုပက်ဇ်ကို အသင်းထံ ပြန်လည်ခေါ်ယူရန်စီစဉ်

မက်ဒရစ် နိုဝင်ဘာ ၂၆

ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် ကိုမိုအသင်းထံရောင်းချထားသည့် လူငယ်ကွင်းလယ်ကစားသမား နီကိုပက်ဇ်ကို အသင်းထံ ပြန်လည်ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ် နီကိုပက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်က ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပူးပေါင်းခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရရှိသည့်အတွက် ၂၀၂၄ ခုနှစ် ကစားသမားအပြောင်းအရွှေ့ကာလက ကိုမိုအသင်းထံ လေးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

နီကိုပက်ဇ်သည် ကိုမိုအသင်းတွင် အရေးပါသည့် ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြလျက်ရှိပြီး အီတလီစီးရီးအေပြိုင်ပွဲ၌ အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နေသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းထံပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နီကိုပက်ဇ်အား ကိုမိုအသင်းထံ ရောင်းချစဉ်ကတည်းက ပြန်လည်ခေါ်ယူလိုသည့်အချိန်တွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀ သန်းဖြင့် ခေါ်ယူနိုင်မည်ဟု စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် နီကိုပက်ဇ်ကို စတာလင်ပေါင် ၁၀ သန်းဖြင့် ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

နီကိုပက်ဇ်ကို ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလက စပါးအသင်းက စတာလင်ပေါင် သန်း ၇၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းနှင့် ကိုမိုအသင်းတို့ချုပ်ဆိုထားသည့် စာချုပ်အရ ကိုမိုအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မြဝတီမြို့၌ လူမှုကွန်ရက်အသုံးပြုကာ လိုင်စင်မဲ့မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးအရေးယူ



**နေပြည်တော် နိုဝင်ဘာ ၂၆**

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးလိုသူများက ၎င်းတို့ပြစ်မှုကျူးလွန်ရာတွင် သဲလွန်စမကျန်ရှိစေရေး လိုင်စင်မဲ့မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား အသုံးပြုကျူးလွန်ဖျောက်ဖျက်ခြင်းများ၊ ဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်နှင့်အညီ နိုင်ငံအနှံ့ မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များ တွင်ကျယ်စွာအသုံးပြုလာကြသကဲ့သို့ လိုင်စင်မဲ့မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များကို တရားမဝင် အရောင်းအဝယ်ပြုလုပ်လာကြသည့်အပြင် လူမှုကွန်ရက်စာမျက်နှာများ အသုံးပြု၍လည်း အရောင်းအဝယ်ပြုလုပ်ခြင်းများ ဆောင်ရွက်လာကြသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ လိုင်စင်မဲ့မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များ တရားမဝင်ရောင်းဝယ်အသုံးပြုခြင်းများအား တာဝန်ရှိသူများက စိစစ်ဖော်ထုတ်ဖမ်းဆီးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။












မြဝတီမြို့၌ လူမှုကွန်ရက်အသုံးပြုကာ လိုင်စင်မဲ့ မော်တော်ယာဉ်များ အရောင်းအဝယ်ပြုလုပ်နေသူ နောင်မင်းဆက်နှင့် သိမ်းဆည်းရမိ မော်တော်ယာဉ်များကို တွေ့ရစဉ်။

ထိုသို့စိစစ်ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ TikTok လူမှုကွန်ရက် စာမျက်နှာ၌ @naungminsatt အကောင့်ဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်များပြသကာ အရောင်းအဝယ်ပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် အဆိုပါအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ @naungminsatt အကောင့်ပိုင်ရှင်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ **နောင်မင်းဆက်**(၂၆)နှစ်ဖြစ်ကြောင်း သိရှိရပြီး ၎င်းမှာ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ သစ်တပင်လမ်း၊ အမှတ်(၄/၀၀၃၈)၌ နေထိုင်ကာ ခြံဝင်းအတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များထားရှိ၍ အရောင်းအဝယ်ပြုလုပ်နေကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၅ ရက်နေ့ည ၁၂ နာရီ ၁၀ မိနစ်အချိန်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ **နောင်မင်းဆက်**အား အဆိုပါခြံဝင်းအတွင်းမှ YGN-7 1P-4273 TOYOTA LEXUS၊ KYN-4 9K-6698 BMW၊ KYN-7 5K-6318 TOYOTA LEXUS အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် ၃ စီး၊ စိစစ်ဆဲမော်တော်ယာဉ်၁စီး၊ ပေါင်း ၄ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လိုင်စင်မဲ့မော်တော်ယာဉ်များအား လူမှုကွန်ရက်အသုံးပြု၍ အရောင်းအဝယ်ပြုလုပ်နေသူ နောင်မင်းဆက်အား မြဝတီမြို့မ ရဲစခန်း(ပ)အမှတ် ၂၆၈/၂၀၂၅၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈ ဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းနှင့် အလားတူ အကောက်ခွန်မဲ့ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအား စီးနင်းအသုံးပြု၊ အရောင်းအဝယ်ပြုလုပ်ခြင်းများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


### "Htet Wyun Yan Aung Co.,Ltd."
### အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ "Htet Wyun Yan Aung Co.,Ltd." အား (၂၇-၁၁-၂၀၂၅)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့် B.Com, C.P.A အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ မတ်(၃၁)ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့် B.Com, C.P.A,
Thaungaye & Associates Ltd.
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်း(၄၃)၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နယ်၊ ကွင်းတောင်ရပ်ကွက်နေ အေးနွယ်(ဘ)ဦးအောင်ငြိမ်း ၇/ကတခ(နိုင်)၁၃၉၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 342355)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၂)ရပ်ကွက်၊ (၁၆)လမ်းနေ မောင်ကောင်းမြတ်မင်း(ဘ)ဦးဝင်းမြင့် ၁၂/ဒဂဆ(နိုင်)၀၀၄၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 081172)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၈၁၁၄၂၃

### ပျောက်ဆုံးကြောင်း
ရဲရင့်အောင်(ဘ)ဦးအောင်ကြည် ၁၂/သဃက(နိုင်)၀၇၈၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၅၉၇၁၅၆

### ပျောက်ဆုံးကြောင်း
ဝမ်ကျင်းချန်း(ဘ)ဦးခိုင်ဝမ်း ၁၃/ကခန(နိုင်)၁၆၂၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၃၉၄၂၈၈

### ပျောက်ဆုံးကြောင်း
ငွေးဝင်း(ဘ)ဦးလှဝင်း ၃/မဝတ(နိုင်)၀၈၁၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၇၀၇၅၁၇၄

### ပျောက်ဆုံးကြောင်း
ဆွေးနယ်ပါးရဲ(ဘ)ဦးရော်ခါရီးထန် ၅/တမန(နိုင်)၀၃၆၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၆၂၁၅၉၁

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၂)၊ စက်ရုံလမ်းနေ ဦးလှဆောင်(၉/တသန(နိုင်)၀၇၂၈၉၀)ကိုင်ဆောင်သူမှ ပိုင်ဆိုင်သောမြေကွက်အား(အလျား ၆၀'-၀")အုတ်တံတိုင်းကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းပိုင်းမြေကွက်အား အုတ်တံတိုင်းကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(မင်းကုန်း)Grade-10 မှ မရွှေတီဦး၏ဖခင် ဦးကျော်စွာမင်းနှင့် ဦးကျော်စွာဝင်း ၉/ဥတသ(နိုင်)၀၁၀၈၆၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးကျော်စွာမင်း(ခ)ဦးကျော်စွာဝင်း

### ပျောက်ဆုံးကြောင်း
ချစ်စုအေး(ဘ)ဦးအောင်ပု ၅/ကနန(နိုင်)၁၁၈၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၇၆၇၄၈၄၇

### ပျောက်ဆုံးကြောင်း
ရဲနန္ဒသိန်း(ဘ)ဦးတင်သိန်း ၆/ကသန(နိုင်)၀၆၉၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 613082)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
တူးတူးမာ(ဘ)ဦးသက်ပြင်း ၆/ကသန(နိုင်)၀၄၃၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 866656)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဝင်းနွယ်အေး(ဘ)ဦးလှဝင်း ၃/မဝတ(နိုင်)၀၈၁၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၂၈၃၃၅၅

### ပျောက်ဆုံးကြောင်း
သန်းမြင့်(ဘ)ဦးစိုးတင့် ၁၄/မမန(နိုင်)၃၂၀၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၄၂၈၃၂၁

### ပျောက်ဆုံးကြောင်း
AHMULU TASU(ခ)သန့်းဝင်း(ဘ)U maria soosai ၁၄/မအပ(ပြု)၀၀၀၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 993234)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စုမြတ်နွေဦး(ဘ)ဦးကျော်ခင် ၇/ဒဥန(နိုင်)၂၁၈၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ကျော်သူရ(ဘ)ဦးဝင်းရွှေ ၇/မလန(နိုင်)၀၆၅၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၁၄၆၄၄၂

### ပျောက်ဆုံးကြောင်း
မမူယာ(ဘ)ဦးတင်ငွေ ၇/ကတခ(နိုင်)၁၈၈၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဝင်းဆန်းဦး(ဘ)ဦးမြဝင်း ၁၂/ဒပန(နိုင်)၀၄၃၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၈၅၁၁၉

### ပျောက်ဆုံးကြောင်း
သန္တာဝေ(ဘ)ဦးသန်းဝင်း ၈/နမန(နိုင်)၂၁၃၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၈၉၀၃၁၅

### ကန့်ကွက်နိုင်ပါကြောင်း
ကျွန်မ ဒေါ်ရီရီဝင်း (၁၄/မအပ(နိုင်)၁၁၁၁၉၄)သည် Nann Hteik Khaung Tin Co.,Ltd. တွင် Managing Director ရာထူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ရီရီဝင်းမှာ ၎င်းရာထူးမှနုတ်ထွက်သွားပါသဖြင့် ဒေါ်လှလှကြူ(၁၄/မအပ(နိုင်)၀၀၂၁၉၁)မှာ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

### ပျောက်ဆုံးကြောင်း
ရီရီစန်း(ဘ)ဦးဘမြိုင် ၁၂/သကတ(နိုင်)၁၀၈၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 819530)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၅၃၂၁၁၈

### ပျောက်ဆုံးကြောင်း
တင်တင်ညို(ဘ)ဦးမောင်မြင့် ၉/ပဥလ(နိုင်)၀၅၅၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဒေါ်သီတာ(ဘ)ဦးမောင်သန်း ၁၂/အစန(နိုင်)၁၅၂၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ဂျိုက်ပရ်ကပ်(ဘ)ဦးအိ(န်)ရ်ဂျီသ် ၇/ကတခ(ပြု)၀၁၀၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၈၂၆၉၂၃

### ပျောက်ဆုံးကြောင်း
ထွန်းဝင်းဟန်(ဘ)ဦးမြင့်ရွှေ ၁၂/တမန(နိုင်)၀၁၄၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၀၂၄၅၄

### ပျောက်ဆုံးကြောင်း
မတူးတူး(ဘ)ဦးအောင်ဝင်း ၅/ကလထ(နိုင်)၁၆၅၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၀၂၀၂

### ပျောက်ဆုံးကြောင်း
တလဲန်သျှမ်းမွေး(ဘ)ဦးထောင်းဒိုင်းလို ၄/ဖလန(နိုင်)၀၄၈၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### မွေးသက္ကရာဇ်အမှန်
ပန်းတောင်းမြို့နယ်၊ အ.လ.က မကြီးထုံး၊ Grade-5 တွင် ပညာသင်ကြားနေသော အဘဦးဝဏ္ဏကျော်၏သား မောင်တာတာမိုးဆက်၏မွေးသက္ကရာဇ်အမှန်မှာ (၃၁-၅-၂၀၁၄)ဖြစ်ပါကြောင်း။ (၃၁-၅-၂၀၁၄)

### ပျောက်ဆုံးကြောင်း
ခင်မိုးနှင်းဖြူ(ဘ)ဦးအောင်မိုး ၁၁/မပတ(နိုင်)၁၂၆၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၆၀၉၄၉၉

### ပျောက်ဆုံးကြောင်း
ရဲရင့်ဌေး(ဘ)ဦးသန်းဌေး ၇/ပခန(နိုင်)၂၅၆၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျော်သီဟ(ဘ)ဦးစိုးလှိုင် ၁၂/ကတန(နိုင်)၁၀၄၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၁၇၀၇၉၉

### မိဘအမည်မှန်
နေပြည်တော်၊ အေလာအုပ်စု၊ မြို့သစ် အ.ထ.က(၅)Grade-12 တွင် ပညာသင်ကြားနေသော မသဲဆုမွန်၏မိဘအမည်မှန်မှာ ဦးတင်မောင်ဝင်းနှင့် ဒေါ်တင်တင်အေး ၉/လဝန(နိုင်)၁၃၃၈၈၀ ဖြစ်ပါကြောင်း။ **ဦးတင်မောင်ဝင်း-ဒေါ်တင်တင်အေး**

### မတည်ငွေလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း
MYANMAR YE ZARNI CONSTRUCTION COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၇၇၈၉၃၁၆)၏ထည့်ဝင်ထားသော မတည်ငွေစာရင်းကို လျှော့ချရန်အတွက် ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များက အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
MYANMAR YE ZARNI CONSTRUCTION COMPANY LIMITED

### ပျောက်ဆုံးကြောင်း
ယုဝေဖြိုး(ဘ)ဦးကျော်နီ ၉/နထက(နိုင်)၁၉၁၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အာမခံ""
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
NAYPYITAW


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
YANGON


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၀လ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258

❖ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ် . . .

❖ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဟောင်းသမိုင်းဝင်အထင်ကရအမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို . . .

( နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ပဲခူးမြို့၊ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ်၊ တောင်ကလေးကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၆

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ်၊ တောင်ကလေးကျေးရွာ၊ ဗြဟ္မဝိဟာရကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❖

**ပြည်တွင်းရှိမဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးနှိုးဆော်ခြင်း** စာ - ၃ သို့

# ဆိုင်ကလုန်းမုန်တိုင်း“ဆန်ယာ”၏အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် နိုဝင်ဘာ ၂၆

ဆိုင်ကလုန်းမုန်တိုင်း“ဆန်ယာ” (SENYAR)အခြေအနေ

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ မလက္ကာရေလက်ကြားနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ အရှေ့မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ဆန်ယာ”(SENYAR) သည် အနောက်-အနောက်တောင်ဘက်သို့ရွေ့လျားခဲ့ပြီးအင်ဒိုနီးရှားနိုင်ငံ စာမျက်နှာ ၂၅ ကော်လံ ၄ ❐

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၉ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၉၅ ဦးတို့အား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် Online လိမ်လည်မှုများနှင့် Online လောင်းကစားမှုများကို အများဆုံးကျူးလွန်လျက်ရှိသည့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများနှင့် Online လိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ တရားမဝင်ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

Online လိမ်လည်မှုများနှင့် Online လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စာမျက်နှာ ၁၆ ကော်လံ ၄ ⊃



တရားမဝင်နိုင်ငံခြားသားများအား ထိန်းသိမ်းထားရှိမှုကိုတွေ့ရစဉ်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



လုံခြုံလျှင်မြန် ဆောင်ရွက်မြန်မှုနှင့်
မြဝတီဘဏ်

Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce

Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378